# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၅၅)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆော်ဒီအာရေဗျ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင် အဗ္ဗဒူ(လ်)အာဇစ် အယ်လ်ဆော့(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူချိန်မှ စပြီး နိုင်ငံတော်အတွက် အကျိုးရှိမည့် တည်ဆောက်ရေးစီမံကိန်းကြီးများကို တစ်ခုပြီး တစ်ခု အားထည့်လုပ်ကိုင်တည်ဆောက်ခဲ့ရာ ယခုအခါ ယင်းစီမံကိန်းအများအပြားမှာ ပြီးစီးပေါ်ထွက်လာခဲ့ပြီဖြစ်၍ ပြည်သူများအနေဖြင့် စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို လက်တွေ့ခံစား နေကြရပြီဖြစ်။**



# နိုင်ငံတော်ကြီး ကလျာစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကျသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို အင်တိုက်အားတိုက်တည်ဆောက်နေ နိုင်ငံတော်နှင့် နောင်လာနောက်သားများအတွက် အရေးပါသည့်စီမံကိန်းများဖြစ် လုပ်ငန်းများ အမြန်ဆုံးပြီးစီး အောင်မြင်အောင် အလေးထား အားထည့်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၀၆) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံနှင့်အောက်ပုံ)** ***ကျော်ဖုံးသို့***



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

# ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်များ ပြေးဆွဲ

ကုန်ထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန် မြန်ဆန်ရေးတို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရန်ကုန်-လပွတ္တာနှင့် ရန်ကုန်-ဘိုကလေး ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်များကို ဇွန်လ ၁၂ရက်နေ့က လည်းကောင်း၊ မန္တလေး-ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ကို ဇွန်လ ၂၄ ရက်နေ့က လည်းကောင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိသည်။

ကုန်တင်ရေယာဉ်(အမြန်)လမ်း ရေယာဉ်များသည် လူနှင့်ကုန်စည်အများဆုံး အတင်အချ ပြုလုပ်နိုင်သည့် ဆိပ်ကမ်းများ၌သာ ဆိုက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ကုန်တင် ရေယာဉ်များ ပြေးဆွဲပေးခြင်းဖြင့် အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန် ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ထွက်ရှိသော ကုန်ပစ္စည်း မျိုးစုံကို မြန်မာပြည်အရပ်ရပ်သို့ ပုံမှန်ရောက်ရှိမည်ဖြစ်၍ များစွာအကျိုးသက်ရောက်မည် ဖြစ်သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်-ကုန်ရေယာဉ်လမ်းအပြင် ကုန်တင် ရေယာဉ်(အမြန်) လမ်းပြေးဆွဲမှုကို သင့်လျော်သည့် ရေယာဉ်များအသုံးပြု၍ အချိန်တိုအတွင်း ကုန်စည်များ လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက် ရရှိအောင် စီမံဆောင်ရွက်လျက်ရှိသည်။

စက်ရှိ/စက်မဲ့၊ဆိပ်ခံတွဲ စုစုပေါင်း ၅၁၆စင်းကိုအသုံးပြုပြီး ခရီးမိုင်ပေါင်း ၇၄၉၃မိုင်တွင် ခရီးလမ်းပေါင်း ၆၂ခုပြေးဆွဲပြီး ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တစ်နှစ်ထက် တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၌ ဝင်ငွေစုစုပေါင်း ကျပ် ၃၉၄၈ဒသမ၀၅သန်းနှင့် ဒေါ်လာ ၀ဒသမ၆၅သန်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်၊ မွန်နှင့်ကရင်ပြည်နယ်ရှိ စီးပွားဖြစ် ကူးသန်းသွားလာ နိုင်သော ရေကြောင်းလမ်းများမှာ ခရီးမိုင်ပေါင်း ၇၄၉၃မိုင်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၂၅သန်းခန့်နှင့် ကုန်တန်ချိန် ၄ဒသမ ၃သန်းခန့်ကို လုံခြုံချောမွေ့စွာ ပို့ဆောင် ပေးလျက်ရှိသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနသည် ''များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့''ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုများရရှိနေခြင်း ဖြစ်သည်။ ကုန်စည်များ အမြန်ပို့ဆောင်ရေးလုပ်ငန်းသည် စားသုံးသူပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည်ဖြစ်၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ် ပြေးဆွဲမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဗုဒ္ဓစာပန်းချီ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၂

ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များကို ဖတ်ရှုခြင်းအားဖြင့် ဗုဒ္ဓစာပေဖတ်သူများ ဘာသာရေးဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ပြီး ဆရာငွေဥဒေါင်း(ဦးကြီးမောင်) စာပန်းချီစီကာ ရေးဖွဲ့သည့် **"ဗုဒ္ဓစာပန်းချီ"** စာအုပ်ကို ကျော်ညွှန့်ရည် စာပေက ပထမတွဲမှ ဆဋ္ဌမတွဲအထိ ပြန်လည်ပုံနှိပ်ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ဗုဒ္ဓစာပန်းချီစာအုပ်တွင် ဗုဒ္ဓ ဘုရားရှင်နှင့် ဗုဒ္ဓဘုရားရှင်၏ တရားတော်များ၊ ဗုဒ္ဓဘုရားရှင်၏ တပည့်သားသံဃာတော်များ၏ကြောင်းရပ်များ စုံလင်စွာပါဝင်ပြီး ကြည်ညိုဖွယ် ဖြစ်အောင် စာပန်းချီ ရေးဖွဲ့ထားခြင်း ဖြစ်သည်။ အဆိုပါ စာအုပ်ခြောက်တွဲလုံးကို ဂုဏ်ထူး စာပေ တိုက်အမှတ်(၁၉၂) ၃၃လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၆၅၉၀၊ ၃၈၆၅၉၅ တို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**




## သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ ထိရောက်စွာအသုံးပြု ပြည်သူယုံကြည်သည့်ဝန်ထမ်းဖြစ်ရေး ကျင့်ဝတ်နှင့်စည်းကမ်းလိုက်နာ အားနည်းချက်များ ပြုပြင်၊ အားသာချက်များ ဆက်လက်ထိန်းသိမ်း

နေပြည်တော် စက်တင်ဘာ ၂၂

**အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက် အမှာစကား ပြောကြားသည်။**

### အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသာက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွား မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ထိရောက်စွာ အကျိုးပြုရေး၊ လုပ်ငန်းစွမ်းရည် မြင့်မားရေး၊ ဝန်ထမ်း အရည်အသွေး မြင့်မားရေး၊ သတင်း အချက်အလက် ဆက်သွယ်ရေးနည်း ပညာရပ်ထိရောက်စွာ အသုံးပြုရေးနှင့် ပြည်သူများက ယုံကြည် အားထားရသည့်ဝန်ထမ်းဖြစ်စေရေးအတွက် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာ ထိန်းသိမ်းရေးဟူ၍ မူဝါဒ (၅)ရပ်ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနအဖွဲ့ အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို ဝန်ကြီးဌာန၏ မူဝါဒ အတိုင်း ဆောင်ရွက်နိုင်မှု ရှိမရှိချိန်ထိုး သုံးသပ်ကြည့်ပြီး အားနည်းသည်များ ကိုပြုပြင်ဆောင်ရွက်ရန်နှင့် အားသာ ချက်များကို ဆက်လက် ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ဖိဖိစီးစီးကြိုးပမ်း

မိမိတို့ နိုင်ငံအနေဖြင့် စတုတ္ထ ကာလတို(၅)နှစ် စီမံကိန်းကို ၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ် အထိရေးဆွဲ အကောင်အထည်ဖော် လျက်ရှိရာ ယခုအချိန်သည် စီမံကိန်း ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်း ရည်မှန်းချက်များအပေါ် ဩဂုတ်လကုန်အထိ အကောင်အထည် ဖော်ပြီးဖြစ်ကြောင်း၊ အကောင်အထည် ဖော်ပြီးစီးမှုအပေါ် မူတည်၍ အားသာ အားနည်းချက်များကို သုံးသပ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ရည်မှန်းချက် များကိုနှစ်ကုန်ဆုံးချိန်တွင်ပြည့်မီ ကျော် လွန်အောင် ဖိဖိစီးစီး ကြိုးပမ်းဆောင် ရွက်ကြရန်ဖြစ်ကြောင်း ပြောကြား သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးဌာနအောက် ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ ဌာနအလိုက် ၂၀၀၆ခုနှစ် ဩဂုတ် လကုန်အထိ လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေ ဆက်လက်ဆောင် ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း စီမံကိန်းဦးစီးမှူးများက မိမိတို့ ပြည် နယ်နှင့် တိုင်းအလိုက် စီမံကိန်းလုပ်ငန်း များဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ဆောင် ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာကိစ္စ ရပ်များကို တင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် အမျိုးသား စီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန် ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက် ဆွေးနွေးသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၃-၉-၂၀၀၆ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ရုပ်၊နာမ်ခွဲ ပညတ်ပရမတ်ခွဲ"**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"လျှို့ဝှက်ရင်ခုန်သံ"** ဒွေး၊ ရာဇာနေဝင်း၊ ထက်ထက်မိုးဦး၊ ကြည်လဲ့လဲ့ဦး
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၀။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၁)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -ကမ္ဘာမှာ စက်ခြည်လင်းစေဖို့
၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ English Premier League ဘောလုံးပွဲ Reading Vs Manchester United



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်း တော် ကြီး ဖြစ် မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃-လမ်း မှတ်တိုင် အနီး)တွင် မိဘ များအား အမှူး ထား၍ ဆက် သွယ်ရေး၊ငွေစာရင်း ရုံးချုပ်မှ သဇင်ဦး၊ မြင့်မြင့်ဝင်း၊ ကြည် ကြည်ဆွေ၊ ခိုင်ခိုင်ပြုံး၊ ဖြူသွယ်ဦး သူငယ်ချင်းတစ်စုက ငွေကျပ် တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။** (သတင်းစဉ်)

## အမှာစကားပြောကြား

၂၀၀၆ခုနှစ် အောက်တိုဘာလ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။

(သတ္တုတွင်း)

# ပြပွဲ အောင်မြင်ချောမွေ့ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာ ၁၉ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကျောက်မျက်ရတနာခန်းမ၌ကျင်းပမည်



ရန်ကုန် စက်တင်ဘာ ၂၂

**၂၀၀၆ခုနှစ် အောက်တိုဘာလ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲ ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ဆပ်ကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

### ဖြည့်စွက်မှာကြား

အစည်းအဝေးတွင် တာဝန်ရှိသူများက ၂၀၀၆ခုနှစ် အောက်တိုဘာလ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၁၉ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ဘဏ္ဍာရေး၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ရန် ပြည်ပ ရတနာကုန်သည်များနှင့် ပြည်တွင်းမှ နိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ကြားထားမှု အခြေအနေများကိုလည်းကောင်း၊ ပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများအတွက် ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များကို လည်းကောင်း အသီးသီး တင်ပြကြရာ ပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

### ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ပြပွဲ ဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အောက်တိုဘာလတွင် ကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# စည်းလုံးညီညွတ်ရေးဦးစားပေးတည်ဆောက်၍ အေးချမ်းတည်ငြိမ်မှုရရှိနေ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၆) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အောက်ပုံ)





အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော သူရဦးမြင့်မောင်၊ ဦးအောင်သိန်းလင်းနှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနား၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးပြီး၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ်လူငယ်များနှင့် အသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် သီးခြား လူတန်းစားမဟုတ်ဘဲ ပြည်သူများထဲက ပြည်သူများဖြစ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ရန် ဆန္ဒအရ ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း၊ အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကစပြီး နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် ခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် စည်းရုံးရေး၊ စီမံရေး၊ ဖွဲ့စည်းရေးများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရင်း တိုးတက်များပြားလာသည့် အသင်းဝင်များကို အရေအတွက်သာမက အရည်အချင်းပါ ပြည့်ဝအောင် လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပံ့ဖော်ပေးနေ ခြင်းဖြစ်ကြောင်း၊ အခြေခံသတင်းစာပညာသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်မှုထဲက တစ်ခုအပါအဝင် ဖြစ်ကြောင်း။

ဤသင်တန်းတွင် မီဒီယာလုပ်ငန်း စိတ်ဝင်စားပြီး အလားအလာရှိသည့် အသင်းဝင်လူငယ်များကို စုစည်းပြီး မီဒီယာထိုးစစ်များအပေါ် ပြန်လည်ထိုးနှက်ချေပနိုင်စေရန် ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ထက်မြက် ရှင်သန်ရေး၊ အသင်းလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြည်သူ့သဘောထား ပြည်သူ့အသံကို အလေးထားပြီး မဟုတ်မမှန် ထိုးနှက်ချက်များ၊ ကောလာဟလများ တန်ပြန်ချေဖျက်ရေး၊ လူကဲခတ်နည်း၊ လူထုလူတန်းစား အလွှာနယ်ပယ်အလိုက် စည်းရုံးဆောင်ရွက်သွားရေး၊ ဝါဒဖြန့်ချိရေး နည်းနိဿယနှင့် သတင်းအရေးပါမှု၊ သတင်းအစီရင်ခံရေး၊ သတင်းအသုံးပြုရေး၊ သတင်းလုံခြုံရေး ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ကင်မရာ၊ ဗီဒီယို ရိုက်ကူးခြင်းနှင့် လေ့လာရေး ခရီးစဉ် လေ့လာရေး ဆောင်းပါးရေးသားခြင်းကို လက်တွေ့ဆောင်ရွက်စေခဲ့ကြောင်း။

သင်တန်းက ရရှိသည့် အတွေ့အကြုံ အသိအမြင်များကို ဘဝအတွေ့အကြုံနှင့် ထင်ဟပ်သုံးသပ်ပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ မိမိတို့ကဲ့သို့ အသင်းဝင်များ ပြည်သူများ သိအောင်၊ မြင်အောင်၊ လေ့လာသိစွမ်းအားရှိအောင်၊ ရှင်းလင်းစည်းရုံးနိုင်စွမ်းရှိအောင် ဆောင်ရွက်ကြရန်၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်ရင်း အရည်အချင်း အရည်အသွေး ပိုမိုတိုးတက်အောင်လည်း စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားရန်လိုကြောင်း။

### အမျိုးသားရေးတာဝန်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရာတွင် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ တည်ငြိမ်ရေး၊ အမျိုးသား စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို စီမံချက်များ၊ စီမံကိန်းများ ချမှတ်ပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ စည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့၍ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး ဦးတည်ချက် ၁၂ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်၍ နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံကြီးကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် လိုအပ်သည့် အခြေခံမူများ ချမှတ်နေပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေး တာဝန်ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေးကို ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

### ကာကွယ်တိုက်ဖျက်

အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများကို အစိုးရ၊ တပ်မတော်၊ ပြည်သူနှင့် အသင်းကြီးက နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့၍ ဘက်စုံ ကဏ္ဍစုံမှာ အောင်မြင်တိုးတက်မှုများ ရရှိနေသည်ကို ပြည်တွင်း၊ ပြည်ပ အဆိုးမြင်အဖျက်သမားအချို့၊ အဖွဲ့အစည်းတချို့က မမြင်ချင်ယောင်ဆောင်၊ မျက်ကွယ်ပြုပြီး နှောင့်ယှက်သည့် အဖျက်အမှောင့်လုပ်ရပ်များ၊ မမှန်သတင်း၊ ကောလာဟလထုတ်လွှင့်မှုများ ဆောင်ရွက်နေသည်ကို တွေ့နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုမရှိဘဲ စည်းလုံးညီညွတ်ရေးကို သပ်လျှိုဖြိုခွဲသည့် လုပ်ရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး အကျပ်ကိုင်ရန်၊ ပိတ်ဆို့ရန်၊ မကူညီရန် တောင်းဆိုသည့်လုပ်ရပ်၊ ပြည်တွင်းရေးကို စွက်ဖက်သည့်လုပ်ရပ်၊ ဒို့တာဝန်အရေး(၃)ပါး ထိပါး နှောင့်ယှက်သည့် လုပ်ရပ်များကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်သွားရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- ဒို့တာဝန်အရေးသုံးပါးကိုခံယူ ဦးတည်ချက်(၁၂)ရပ်အတိုင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းရှေ့လုပ်ငန်းစဉ် (၉)ရပ်အောင်မြင်ရေးကို အမျိုးသားရေး တာဝန်အဖြစ် ခံယူကြိုးပမ်းဆောင်ရွက်ကြရန်။
- တိုင်းရင်းသား ပြည်သူများအကြား ဒို့တာဝန်အရေး(၃)ပါး ခံယူစိတ်နှင့် စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အစဉ်ထွန်းကား ရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်။
- တာဝန်၏အရေးပါမှုကို ခံစားအသိနှင့် နားလည်ပြီး မြင့်မားသည့် ခေါင်းဆောင်မှု၊ ပြည့်ဝသည့် ခံယူလိုက်နာမှုများနှင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ကြိုးပမ်းဆောင်ရွက်ကြရန်။
- ဒို့တာဝန်အရေး(၃)ပါး ထိပါးနှောင့်ယှက်မှုမှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားနှင့် ကာကွယ်တိုက်ဖျက်သွားကြရန်

လိုကြောင်းဖြင့် ပြောကြားသွားသည်။

### ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းထူးချွန် ပထမဆုရ ဦးဝင်းဆန်း၊ ဒုတိယဆုရ ဦးမြင့်နိုင်နှင့် တတိယဆုရ ဒေါ်ခင်မျိုးလှတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် ဦးရဲမြင့်အားလည်းကောင်း၊ သင်တန်းနည်းပြဆရာများကိုယ်စား သင်တန်းနည်းပြဆရာ ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အရှည်ဆုံးတူးမြောင်း တရုတ်နိုင်ငံ၌ ဖောက်လုပ်မည်

ရှန်ဟိုင်း စက်တင်ဘာ ၂၂

**တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကမ္ဘာပေါ်၌ အရှည်ဆုံး ရေလွှဲတူးမြောင်းတစ်ခု ဖောက်လုပ်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါတူးမြောင်းမှာ ကမ္ဘာပေါ်တွင် အရှည်ဆုံးတူးမြောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။**

ထိုတူးမြောင်းကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျှောင်နင်းပြည်နယ်တွင် တည်ဆောက်မည်ဖြစ်ပြီး အရှည် ၈၅ဒသမ ၃ကီလိုမီတာရှိမည်ဖြစ်သည်။

## ပိုရှည်မည်

ထိုတူးမြောင်းသည် ဆွစ်ဇာလန်နိုင်ငံမှ ၅၇ကီလိုမီတာရှည်သော ဂေါ့ဒ်ဟတ် အခြေစိုက်တူးမြောင်းထက် များစွာပိုရှည်မည်ဖြစ်သည်ဟု တူးမြောင်းတည်ဆောက်ရေးစီမံကိန်း မန်နေဂျာများက ပြောကြားသည်။

## ဖြတ်ကျော်ဖောက်လုပ်

အဆိုပါတူးမြောင်းသည် အကျယ် ရှစ်မီတာရှိပြီး တောင်အလုံး ၅၀နှင့် မြစ်၃မ်း ၅၀ကို ဖြတ်သန်းမည်ဖြစ်သည့်အပြင် မြေမျက်နှာပြင် အတားအဆီး၂၉ခုကိုလည်း ဖြတ်ကျော်ဖောက်လုပ်ရမည်ဖြစ်သည်။ တူးမြောင်း တည်ဆောက်မှု လုပ်ငန်းများအားလုံးကို လာမည့် ၂၀၀၈ခုနှစ်တွင် အပြီးသတ်ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

တူးမြောင်း တည်ဆောက်ရေးအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၃ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဖျက်ဆီး



**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် တရားမဝင် ထုတ်လုပ်ထားသည့် အရက်ပုလင်းများအား ရဲတပ်ဖွဲ့က ဖျက်ဆီးနေသည်ကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# စီဒီအာရ်အမ်အကြီးအကဲ ဗိုလ်ချုပ်ကြီးဆွန်သီအား ခန့်အပ်

ဗန်ကောက် စက်တင်ဘာ ၂၂

ထိုင်းဘုရင့်တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်အား ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကောင်စီ၏ အကြီးအကဲအဖြစ် ထိုင်းဘုရင်ကခန့်အပ်ခဲ့မှုကို စက်တင်ဘာ ၂၂ ရက်က တရားဝင်အခမ်းအနားဖြင့် လက်ခံရယူခဲ့သည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကောင်စီ(စီဒီအာရ်အမ်)၏ အကြီးအကဲအဖြစ် ဗိုလ်ချုပ်ကြီးဆွန်သီဗွန်ရာရတ်လင်အား ထိုင်းဘုရင် ဘူမိဘောအဒူယာဒတ်၏ တရားဝင် ခန့်အပ်လွှာကို ကိုယ်စားလှယ်တစ်ဦးက ဖတ်ကြားမှုအပေါ် အခြား စီဒီအာရ်အမ်ကောင်စီဝင်များနှင့်အတူ ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်က လက်ခံခဲ့သည်။

အဆိုပါအခမ်းအနားကိုဗန်ကောက်မြို့ရှိ စီဒီအာရ်အမ် အကြီးအကဲရုံးတည်ရှိရာ စစ်ဌာနချုပ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး စီဒီအာရ်အမ်ဖွဲ့စည်းပြီး နှစ်ရက်အကြာ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မြောက်ပိုင်း ပါ့ချ်ဒေသရှိ စစ်မဲ့ဇုန်အနီးတွင် ၂၀၀၆ကမ္ဘာ့ငြိမ်းချမ်းရေးပွဲတော် ကျင်းပနေသည်ကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# တောင်အာရှ၌ မုန်တိုင်းကြောင့် လူ ၆၀ကျော်သေဆုံး

ဟိုက်ဒရာဘတ် စက်တင်ဘာ ၂၂

အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သည့်မုန်တိုင်းများကြောင့် လူပေါင်း၆၀ကျော်သေဆုံးခဲ့ရပြီး ရာနှင့်ချီသော ရေလုပ်သားများပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၂၀ရက်က ပြောကြားသည်။

ယင်းမုန်တိုင်းကြောင့် လူထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ လေပြင်းမုန်တိုင်းများတိုက်ခတ်ပြီး ရေကြီးခဲ့မှုကြောင့် အိန္ဒိယတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်၌ အများဆုံးသေဆုံးခဲ့ကြောင်း ယင်းဒေသ၌ စက်တင်ဘာ ၁၈ရက်အထိ လူပေါင်း ၃၀ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အိန္ဒိယအရှေ့ပိုင်း ဘန်ဂယ်ပြည်နယ်အနောက်ပိုင်း၌ စက်တင်ဘာ၁၉ရက်အထိ အနည်းဆုံး လူ၁၂ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယင်းမုန်တိုင်းကြောင့် ရေလုပ်သား၁၈ဦး ရေနစ်သေဆုံးခဲ့ပြီး လူ ၁၅၀၀၀ကျော်မှာ နေအိမ်များ ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ယိုဖိတ်ရေနံများ ဖိလစ်ပိုင်၌ ထပ်မံတွေ့ရှိ

မနီလာ စက်တင်ဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံ မာရင်ဒူကျူးကျွန်း အနီးရှိ ပင်လယ်ပြင်တွင် ရေနံပုံ့နှံ့မှုများ အသစ်ထပ်မံတွေ့ရှိခဲ့ပြီးမည်သည့် နေရာမှ ပုံ့နှံ့လာသည်ကို မသိရှိရသေးကြောင်း စက်တင်ဘာ ၁၈ရက်က ဒေသဆိုင်ရာ ပြောရေးဆို ခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

## ရှာဖွေတွေ့ရှိ

ဖိလစ်ပိုင်ငါးဖမ်းသမားများက မာရင်ဒူကျူးကျွန်းရှိ ဘို့စ်မြို့အနီး ပင်လယ်ပြင်တွင် ရေနံတင်သင်္ဘောမှ ယိုဖိတ်ထားသည်ဟု ထင်ရသည့် ရေနံများကို ရှာဖွေတွေ့ရှိခဲ့သည်။

ငါးဖမ်းသမားများက ကမ်းခြေကျေးရွာ ၁၃ရွာအနီးတွင် ရေနံများ ပုံ့နှံ့နေသည်ကို စက်တင်ဘာ ၁၇ရက်ကတွေ့ရှိရကြောင်း၊ ရေနံများမည်သည့် နေရာမှ ပုံ့နှံ့လာသည်ကို ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယခု ရေနံပုံ့နှံ့မှုမှာ ဂိုင်မာရက်စ်ကျွန်းတွင် ဖြစ်ပွားခဲ့မှုနှင့် ဆက်စပ်လျက်ရှိနိုင်ကြောင်း အဆိုပါအရာရှိ၏ ပြောကြားချက်ကို အင်တာရာသတင်းဌာနက ကိုးကား ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**




# ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းသို့ ရှန်ရှန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်

တိုကျို စက်တင်ဘာ ၂၂

**ဂျပန်နိုင်ငံတောင်ပိုင်းသို့ စက်တင်ဘာ ၁၇ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သော ရှန်ရှန်မုန်တိုင်းသည် ကျူးရှူးကျွန်းနှင့် ချူဂိုကူဒေသများကို ဖြတ်သန်းကာ ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းသို့ စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။**

အဆိုပါ ရှန်ရှန်မုန်တိုင်းသည် ဟိုကိုင်းဒိုးကျွန်းသို့ စက်တင်ဘာ ၂၀ ရက် နံနက် ၆နာရီခန့်က တစ်နာရီလျှင် ကီလိုမီတာ ၃၀နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဟိုကိုင်းဒိုးကျွန်း တောင်ပိုင်းဒေသများတွင် လေပြင်းများ တစ်နာရီလျှင် ၈၃ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့သည်ဟုလည်း ကျိုဒိုသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသို့ ရှန်ရှန်မုန်တိုင်း တိုက်ခတ်ခဲ့သည့်အချိန်မှ စတင်ကာ ယခုအချိန်အထိ လူကိုးဦး သေဆုံးပြီး ၃၂၈ဦး ဒဏ်ရာရရှိခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ရှန်ရှန်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မူးယစ်ဆေးဝါး ထုတ်လုပ်မှုဆိုင်ရာ ကန်၏တိုင်းတာချက် မှန်ကန်မှုမရှိဟု ဘိုလီးဗီးယား ကြေညာ

လာပါ့ဇ် စက်တင်ဘာ ၂၂

ကမ္ဘာ့ကိုကင်း တတိယအများဆုံး ထုတ်သည့် ဘိုလီးဗီးယား နိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မလုပ်သလောက် ရှိသည်ဆိုသော အမေရိကန်၏ အစီရင်ခံစာမှာ မဟုတ်မှန်ကြောင်း ဘိုလီးဗီးယားအစိုးရက စက်တင်ဘာ ၁၉ရက်တွင် ငြင်းဆိုလိုက်သည်။

## မှားယွင်း

မိမိတို့နိုင်ငံအတွင်းမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မူဝါဒများအပေါ် အမေရိကန်အစိုးရ၏ တိုင်းတာအကဲဖြတ်မှုမှာ လုံးဝမှားယွင်းကြောင်း ဘိုလီးဗီးယားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အလက်ကွန်ထရီရတ်စ်က လာပါ့ဇ်မြို့တော်၌ သတင်းထောက်များအား ပြောကြားလိုက်သည်။

## ရည်ရွယ်ထား

ကိုကာရွက်များကို ဆေးဝါးနှင့်အစားအစာအဖြစ် အသုံးပြုမည့် ဈေးကွက်ဖော်ထုတ်ပေးခြင်းဖြင့် လယ်သမားများကို အကာအကွယ်ပေးသည်နှင့် တစ်ပြိုင်တည်းမှာပင် ကိုကင်းထုတ်လုပ်မှုကို တိုက်ဖျက်ရန်ရည်ရွယ်ထားကြောင်း ဘိုလီးဘီးယား သမ္မတ မိုရေးလက်စ်က နယူးယောက်မြို့၌ သတင်းထောက်များအား ပြောကြားလိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**

# အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း ဆပ်ကော်မတီအလိုက် လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်တင်ပြ ညှိနှိုင်းဆွေးနွေးချက်များနှင့် လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၂၂

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**ဆောင်ရွက်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသန်းဌေးက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ကျင်းပမည်ဖြစ်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ၏ အိပ်ဆောင်အပါအဝင် အဆောက်အအုံများ၏ လိုအပ်ချက်များကို ပြင်ဆင်မွမ်းမံထားရှိရေး၊ ကြိုဆိုနေရာချထားရေး၊ ညောင်နှစ်ပင် စခန်းအတွင်း စိမ်းလန်းစိုပြည်သာယာရေး၊ ညီလာခံကျင်းပစဉ်ကာလအတွင်း ကိုယ်စားလှယ်များအား ဧည့်ခံကျွေးမွေးရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်များကို ဆပ်ကော်မတီအလိုက် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

**အစီအစဉ်များတင်ပြ**

စီမံခန့်ခွဲမှု ကော်မတီ အနေဖြင့် အဘက်ဘက်မှ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ အသီးသီးကို ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်ချောမွေ့စေရန် မိမိတို့ အားလုံးက တက်ညီလက်ညီ ကြိုးစားဆောင်ရွက်သွားကြရန်နှင့် ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီများဖြစ်ကြသည့် အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဝန်ထမ်းများကျွေးမွေးဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ပရိဘောဂဖြည့်တင်းရေးဆပ်ကော်မတီနှင့် အဆောက်အအုံ၊ ရေ၊ မီး၊ လေညှိစက်ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့မှ တာဝန်ရှိသူများက မိမိတို့ဌာနဆိုင်ရာအနေဖြင့် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဝင်များက ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် သဘာပတိက ညှိနှိုင်းဆွေးနွေးချက်များနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် မိဘများဖြစ်သော ဦးကြင်ကုတ်-ဒေါ်ဖွားကြည်၊ ခင်ပွန်း ဦးမြင့်ဝေတို့အား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၃ လမ်း အမှတ် ၅၇နေ ဒေါ်အင်စိန်နှင့် သားသမီးမြေး မိသားစုက အလှူငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ် ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကန်တော်ကလေးရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ၉၄ လမ်း အမှတ် ၁၃/၁၅နေ ဦးစိုးမင်း-ဒေါ်ချိုချို၊ သူရမင်း၊ သူရိန်မင်း၊ သမီး စုမြတ်မင်း၊ သား ဝင်းထိုက်အောင် မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ



## ဆေတန်ဂြိုဟ်၏အနီး၌ ဂြိုဟ်ပတ်ကွင်းအသစ်တွေ့ရှိ

**အာကာသလေ့လာရေးယာဉ်ကက်စီနီမှ ဆေတန်ဂြိုဟ်၏ဝန်းကျင်တွင် ဂြိုဟ်ပတ်ကွင်းအသစ်တစ်ခုကို တွေ့ရှိခဲ့ရကြောင်း၊ ထိုဂြိုဟ်ပတ်ကွင်းကို ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။**

ပေါင်းစု

**ထိုဂြိုဟ်ပတ်ကွင်းသည် ဆေတန်ဂြိုဟ်၏ လနှစ်စင်းကို အာကာသအတွင်း လွင့်မျောနေသော ဥက္ကာခဲများက ဝင်ရောက်တိုက်ခဲ့ရာမှ လွင့်စင်ထွက်လာသော အပိုင်းအစများပေါင်းစုကာ ဖြစ်လာခဲ့ခြင်းဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။**

ရိုက်ယူထား

**ထိုသို့ဂြိုဟ်ပတ်ကွင်းအသစ်ပုံကို ကက်စီနီအာကာသလေ့လာရေးယာဉ်အနေဖြင့် ကမ္ဘာဂြိုဟ်မှ မိုင်ပေါင်း ၁ ဒသမ ၅ ဘီလီယံ ကီလိုမီတာအကွာမှနေ၍ ရိုက်ယူထားခြင်းဖြစ်သည်။**

**ထိုဓာတ်ပုံကိုလည်း ကက်စီနီအာကာသလေ့လာရေးယာဉ်က ဆေတန်ဂြိုဟ်ပေါ်သို့ နေ၏အရိပ်ကျရောက်စဉ် ရိုက်ယူထားခြင်းဖြစ်ကြောင်း၊ ဂြိုဟ်ပတ်ကွင်းအသစ်ဖြစ်ပေါ်နေမှုကို ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**

(ကိုးကား-အင်တာနက်)

## အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ပုံရိပ်သစ်

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှနေ၍ ရိုက်ကူးထုတ်ပြန်ကာ မြေပြင်စခန်းသို့ ပေးပို့လိုက်သောဓာတ်ပုံအရ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ထူးဆန်းသော မျက်နှာပြင် အနေအထားများ တွေ့ရှိရသည်ဟု နာဆာက သတင်းထုတ်ပြန်သည်။

**ပုံသဏ္ဍာန်**

၎င်းဓာတ်ပုံအရ အင်္ဂါဂြိုဟ်မျက်နှာပြင်တစ်နေရာတွင်ရှိသော ကုန်းမြင့်တစ်ခု၌ ဖြစ်ပေါ်နေသော ပုံသဏ္ဍာန်သည် လူတစ်ဦး၏ မျက်နှာပုံသဏ္ဍာန်နှင့် တူကြောင်း တွေ့ရှိရသည် ဆိုသည်။ **(အောက်ပုံ)**

အဆိုပါ ကုန်းမြေမြင့်သည် မျက်လုံး၊ပါးစပ်နှင့် နှာခေါင်းတို့ ပုံသဏ္ဍာန်များ ဖြစ်ပေါ်နေကြောင်း၊ အလင်းရောင်များလည်း ထွက်ရှိနေကြောင်း နာဆာက ပြောကြားသည်။

**အကျယ်**

အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်တွင် အခြားသော ထူးခြားသည့်မျက်နှာပြင် ဖွဲ့စည်းမှုများကိုလည်းတွေ့ရှိခဲ့ရကြောင်း၊ ယခုတွေ့ရှိရသည့် လူတစ်ဦးမျက်နှာပုံစံသည် အကျယ်ကီလိုမီတာ ၂၃၀ခန့် ရှိကြောင်း၊ လူတစ်ဦး၏ မျက်နှာပုံတစ်ခုနှင့်တူကြောင်း နာဆာအဖွဲ့မှ သုတေသနပညာရှင်များက ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**



# စိမ်းလဲ့ရွှေပြည်ဂျာနယ် ထုတ်ဝေဖြန့်ချိ



**ရန်ကုန် စက်တင်ဘာ ၂၂**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၏ ကမ္ဘာစောင့်တရား (၅)ပါး၊ တက္ကသိုလ်မြတ်သူ၏ ချစ်စရာမြန်မာ့ကာရန်များ၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ် ရှေ့နေ)၏ ဥပဒေလိုက်နာ ဘေးကင်းကွာ၊ တက္ကသိုလ်တင်ခ၏ မြန်မာပြည်နှင့်ဧရာဝတီ၊ သာဂဒိုး၏ ဆီးချိုသွေးချိုနှင့် စူလာနဖာ၊ ကြည်လင်း(ဆေး)၏ ရေနစ်ခြင်း အန္တရာယ်၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၏ တိရစ္ဆာန်ရောဂါ ဆေးကုပညာကဏ္ဍ၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ကျေးလက်ပြည် သူတို့၏ကိုယ်စား၊ သက်သက်သင်း(ပညာရေး)၏ပန်းထိမ်တော်ဝိုရသည့်ပန်း၊ မောင်ကောင်းယဉ်၏ ဆိတ်မွေးမြူရေး၊ညွှန့်ဟံ(ကြူတော)၏ ဂျပန်နိုင်ငံ လယ်ယာ သားငါးစီးပွား၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၏ ထိန်းသိမ်းစို့လေ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ ကျန်းမာရေး ဆောင်းပါး၊ ခေတ္တာရာဆရာကျော်၏ နက္ခတ်ပညာ ညွှန်းပြုမှု–စာကဗျာ၊ မောင်စံဖြူ၏ ဥာဏ်မကူလည်း ကံဆူဆဲပါ(ဝတ္ထုတို)၊ နီငြိမ်း (အညာတက္ကသိုလ်) ၏ ကျေးလက်ဆီမှ ရိုးရာတေးသံ၊ နောင်စိုးရည်၏ ဆေးစွမ်းထက်သည့် ကန်းဇော်ဆီ၊ မရွှေမှုံ၏ ကော်ရည်ခေါက်ဆွဲ၊ ဇေယျမြေ မောင်ယဉ်မွှေး၏ ပညာ၊ စိုးသီဟ(ရေတာရှည်) ၏ မေတ္တာလွှမ်းတဲ့အင်ကြင်းသာ၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၏ အထက်အညာ ကိုယ့်အားကိုယ်ကိုးတံတား၊ သျှတတ(ပြည်)၏ ကဗျာဆရာ တစ်ကိုယ်တော် လမ်းလျှောက်၊ နှင်းအေး (စီးပွားရေး)၏ ကုန်စျေးနှုန်းသတင်း၊ မင်းသူ့ကျော်၏ ရုပ်ရှင်ဗီဒီယို ကဏ္ဍ၊ မောင်မောင်စိုးသက်၏ အားကစားကဏ္ဍ၊ H.K ၏ အင်္ဂလိပ်စကားပြောကဏ္ဍ၊ စလင်းခင်မောင်ရည်၊ ပုဂံမွှေးကြည်တို့၏ ကဗျာများ၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ ကျေးလက်သတင်းများ၊ မောင်မောင်စန်းလွင်၏ ကာတွန်းကဏ္ဍ စသည်တို့ဖြင့် စုံလင်စွာ ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့မိသားစု အစဉ်အလာယဉ်ကျေးမှု ထုံးတမ်းဓလေ့ဟောပြောပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့မိသားစု အစဉ်အလာ ယဉ်ကျေးမှု ထုံးတမ်းဓလေ့ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်သိန်းနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဒေသခံအမျိုးသမီးများ တက်ရောက်ကြသည်။

## အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်က အမှာစကားပြောကြားသည်။

## ဟောပြော

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှု လုပ်ငန်း အဖွဲ့ခွဲ အဖွဲ့ဝင်ဒေါက်တာ ဒေါ်တင်တင်ထွန်းက မြန်မာ့မိသားစု အစဉ်အလာ ယဉ်ကျေးမှု ထုံးတမ်း ဓလေ့များ၏ ကောင်းမွန်မှုများနှင့် လိုက်နာကျင့်သုံးဖွယ်ရာများကိုအကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

## ကျေးဇူးတင်စကား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှု လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်သိန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဆော့(ဒ်)ဘင်အယ်(လ်)ဖိုင်ဆယ်ဘင် အဗ္ဗဒူ(လ်)အာဇစ်အယ်လ်ဆော့(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၉-၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ပျားလိမ္မော်) |
| ၇း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၂၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၇း၃၅ | တေးဂီတအစီအစဉ် |
| ၇း၄၀ | ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်) |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | Aisa Cross Country Rally တွင် အမျိုးသမီးပထမဆုရှင် (1st Ladies Award) နှင့် တွေ့ဆုံခြင်း |
| ၈း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | ဖက်ရှင်အလှ နေ့စဉ်ဘဝ အပိုင်း (၁) |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | ရွှင်မြူးသံဖြာကလေးကဗျာ |
| ၉း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၅၀ | အမျိုးသား ကန်တော်ကြီးဥယျာဉ် (သဘာဝငှက်ဥယျာဉ်) |
| ၁၀း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ |
| ၁၀း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅ | စပျစ်ချိုချိုဝိုင်ချိုချို |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | ဖန်ချက်စက်ရုံ(သန်လျင်) |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၅း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၆း၁၀ | Liverpool-Tottenham | 5-Sports(Live) |
| ၈း၂၅ | Fulham-Chelsea | 5-Sports(Live) |
| | Arsenal-Sheffield United | 5-Sports(Live) |
| | Aston Villa-Charlton | 5-Cartoons(Live) |
| ၁၀း၄၀ | Reading-Man Utd | 5-Series(Live) |
| ၁၁း၀၀ | Man City-West Ham | 5-Sports(SDD) |

# လယ်တီ မဟာသရဏဂုံတော်ကြီး သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

လယ်တီမဟာသရဏဂုံတော်ကြီး ရိုးရိုးတန်းသုံးဆင့်နှင့် ဂုဏ်ထူးတန်းနှစ်ဆင့်သင်တန်းများကို စက်တင်ဘာ ၃၀ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ပို့ချမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**





# ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

Myanmar Indobest Co.,Ltd. က စီစဉ်ကျင်းပသည့် Distribution Launch အခမ်းအနားကို စက်တင်ဘာ၂၁ ရက် ည ၆နာရီခွဲက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ ရှေးဦးစွာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်လတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုမ္ပဏီမှ ဖြန့်ဖြူးလျက်ရှိသည့် ကုန်ပစ္စည်းများနှင့် စတင်ဖြန့်ဖြူးရောင်းချမည့် ကုန်ပစ္စည်းများဖြစ်သော Pampers ရင်သွေးငယ်သုံးပစ္စည်း၊ Hair Care Product များဖြစ်သည့် Rejoice၊ Pantene၊ Head & shoulders နှင့် Herbal Essences၊ Camay ကိုယ်တိုက်ဆပ်ပြာ၊ Paic နှင့် Fab ဆပ်ပြာမှုန့်များ၊ Olay Skin Care Product၊ Pringles စားသောက်ကုန်ပစ္စည်းနှင့် Whisper အမျိုးသမီးသုံးပစ္စည်းများအကြောင်းကို ပရိုဂျက်တာဖြင့် မိတ်ဆက်ရှင်းလင်းပြသသည်။

**(သတင်းစဉ်)**

# သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၅ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား–

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၁၂မှုတွင် တရားခံ ၁၆ဦးအား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု တစ်မှုတွင် တရားခံတစ်ဦးအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ်၂၀၀၆ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်းအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်–

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။**

# ရန်ကုန်–မန္တလေး အစုန်၊အဆန် လူစီးအမြန်ရထားများ၏ အချိန်စာရင်းသစ်

ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ ရထားထွက်ချိန်၊ ရထားဆိုက်ရောက်ချိန်များကို **၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ (အင်္ဂါနေ့)**မှစ၍ အချိန်စာရင်းသစ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရှိရပါသည်။ ပြေးဆွဲမည့် ရထားအချိန်စာရင်းသစ်ကို အောက်ပါအတိုင်း ကြေညာထားကြောင်း တွေ့ရှိရပါသည်။

**အဆန်ရထားများ**

| စဉ် | ရထားအမှတ် | ရန်ကုန်မှ ထွက်ခွာချိန် | နေပြည်တော်သို့ ဆိုက်ရောက်ချိန် | မန္တလေးသို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၂၉ အဆန် | ၀၄း၀၀ | ၁၂း၀၇ | ၁၈း၀၀ |
| ၂ | ၁၇ အဆန် | ၀၄း၃၀ | ၁၃း၀၈ | ၁၉း၃၀ |
| ၃ | ၅ အဆန် | ၀၅း၀၀ | ၁၃း၄၅ | ၂၀း၁၀ |
| ၄ | ၃ အဆန် | ၀၅း၃၀ | ၁၄း၃၃ | ၂၁း၃၀ |
| ၅ | ၁၁ အဆန် | ၀၆း၀၀ | ၁၅း၁၀ | ၂၂း၀၀ |
| ၆ | ၃၁ အဆန် | ၀၉း၀၀ | ၁၇း၄၅ | – |
| ၇ | ၇ အဆန် | ၀၉း၃၀ | ၁၈း၁၅ | – |

**အစုန်ရထားများ**

| စဉ် | ရထားအမှတ် | မန္တလေးမှ ထွက်ခွာချိန် | နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန် | ရန်ကုန်သို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၈ အစုန် | – | ၀၆း၃၀ | ၁၅း၃၀ |
| ၂ | ၃၂ အစုန် | – | ၀၈း၄၅ | ၁၇း၄၅ |
| ၃ | ၃၀ အစုန် | ၀၄း၀၀ | ၀၉း၃၃ | ၁၈း၀၀ |
| ၄ | ၁၈ အစုန် | ၀၄း၃၀ | ၁၀း၂၄ | ၁၉း၃၀ |
| ၅ | ၆ အစုန် | ၀၅း၀၀ | ၁၀း၅၈ | ၂၀း၁၀ |
| ၆ | ၄ အစုန် | ၀၅း၃၀ | ၁၁း၄၉ | ၂၁း၃၀ |
| ၇ | ၁၂ အစုန် | ၀၆း၀၀ | ၁၂း၂၀ | ၂၂း၀၀ |

# မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းသည် လယ်မြေဧကငါးသောင်းခန့်ကိုရေပေးဝေနိုင်ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၈၀ ခန့်ထုတ်ယူရရှိမည်

✡ *ကျော်ဖုံးမှ*

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## ဖိဖိစီးစီးလုပ်ကိုင်

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထမ်းဆောင်နေရသည့် အစိုးရ တစ်ရပ်အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူချိန်မှစပြီး နိုင်ငံတော်အတွက် အကျိုးရှိမည့် တည်ဆောက်ရေးစီမံကိန်းကြီးများကို တစ်ခုပြီးတစ်ခု အားထည့်လုပ်ကိုင်တည်ဆောက်ခဲ့ရာ ယခုအခါ ယင်းစီမံကိန်း အများအပြားမှာ ပြီးစီးပေါ်ထွက်လာခဲ့ပြီဖြစ်၍ ပြည်သူများအနေဖြင့် စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

## အရေးပါသည့်စီမံကိန်း

တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အရေးပါသည့် စီမံကိန်းအချို့မှာ တည်ဆောက်နေဆဲဖြစ်သကဲ့သို့ ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည့် စီမံကိန်းများလည်း ကျန်ရှိနေသေးပါကြောင်း။

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးသည် နိုင်ငံတော်၌ တည်ဆောက်ပြီး၊ တည်ဆောက်နေဆဲနှင့် နောင်တည်ဆောက်သွားမည့် စီမံကိန်းများကို စိစစ်သုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများကို ပြန်ကြည့်လျှင် ဆည်တမံလုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ၊ မြစ်ရေ/ချောင်းရေတင်လုပ်ငန်းများ စသည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများအပြင် လယ်ယာမြေသစ်ဖော်ထုတ်ရေးစီမံကိန်း၊ သီးနှံအထွက်နှုန်းတိုးတက်ရေးစီမံကိန်း၊ သီးနှံအမယ်သစ်စိုက်ပျိုးရေးစီမံကိန်းစသည်ဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးရေး စီမံကိန်းများစွာကို တွေ့ရှိရမှာ ဖြစ်ကြောင်း။

## အင်တိုက်အားတိုက်ရှာဖွေဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသင့်ပေးထိုက်သော စီမံကိန်းများ ကျန်ရှိမနေရအောင် မိမိတို့အနေဖြင့် အင်တိုက်အားတိုက် ရှာဖွေသုံးသပ် စဉ်းစားဆောင်ရွက်ပေးလျက် ရှိကြောင်း။

အလားတူပင် နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အပိုင်းကိုရော၊ ပုဂ္ဂလိကအပိုင်းကိုပါ ခွင့်ပြုအားပေး ပျိုးထောင်လျက်ရှိရာ ယခုအခါ စက်ရုံ၊ အလုပ်ရုံမျိုးစုံ ပေါ်ထွက်လာလျက် ရှိကြောင်း။

## တစ်ပြိုင်တည်းအကောင်အထည်ဖော်

ယခုကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုသည့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တစ်ပြိုင်တည်း မိမိတို့အကောင်အထည်ဖော်လျက် ရှိကြောင်း။

သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားစက်ရုံများနှင့် ရေအားလျှပ်စစ်ဓာတ်အားစက်ရုံများ ထူထောင်၍ လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြန့်ဖြူးပေးသွားရန် မိမိတို့ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝသယံဇာတ အခြေအနေအရ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းများစွာကို တည်ဆောက်နိုင်သည့်အခြေအနေရှိသဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးမှာ အလားအလာကောင်းလျက် ရှိကြောင်း။

## လမ်းပန်းဆက်သွယ်မှုကဏ္ဍ

တစ်ဖက်မှလည်း ထုတ်လုပ်ထွက်ရှိလာသော ကုန်စည်များကို ဒေသတစ်ခုမှ တစ်ခုသို့ သယ်ယူပို့ဆောင်ရေး၊ ရောင်းဝယ်ရေး၊ တိုင်းရင်းသားပြည်သူများ သွားလာ ဆက်သွယ်မှုလွယ်ကူပြီး အချင်းချင်းချစ်ကြည်ရင်းနှီးမှု တိုးတက်ရေး၊ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို လက်တွေ့ကျကျ မျှော်မှန်းပြီး လမ်း၊ တံတားလုပ်ငန်းများအပါအဝင် လမ်းပန်းဆက်သွယ်မှုကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ နယ်စပ်ဒေသများပါမကျန် ပြည်ထောင်စုကြီး တစ်ရပ်လုံးသို့ ကူးလူးဆက်ဆံသွားလာနိုင်သည့် လမ်းပန်းဆက်သွယ်မှုမှာ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

ထို့အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်သည့် စွမ်းအင်ကဏ္ဍနှင့် သတ္တုကဏ္ဍတို့၌လည်း လက်ရှိအခြေအနေထက် တိုးတက်လာမည့် အလားအလာကောင်းများရှိနေကြောင်း။

## အားပေးပျိုးထောင်

အလားတူပင် နိုင်ငံတော်၏ သစ်တောသယံဇာတကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်သည့် စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာအောင်လည်း မိမိတို့ အားပေးပျိုးထောင်လျက် ရှိကြောင်း။

နိုင်ငံတော်၏ ရေမြေ သယံဇာတ၊ သစ်တောသယံဇာတတို့ကို ရေရှည်အကျိုးရှိရှိအသုံးပြုနိုင်အောင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး၊ သဘာဝသစ်တောများထိန်းသိမ်းရေး စသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတို့ကိုလည်း မိမိတို့ အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်း။

## အောင်မြင်မှုများဆက်လက်ရရှိ

ထို့ကြောင့် မိမိတို့အနေဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် အခြေခံကောင်းများကို ကဏ္ဍစုံ၊ ဘက်စုံမှနေ၍ တစ်ခုပြီးတစ်ခု တည်ဆောက်လျက်ရှိရာ လိုအပ်သည့် အဆင့်မြှင့်တင်မှု၊ ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုတို့ကို စဉ်ဆက်မပြတ် ကျစ်ကျစ်လျစ်လျစ်၊ သိပ်သိပ်သည်းသည်းဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ဆက်လက် ရရှိသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာမှုနှင့် အတူ တစ်ဖက်မှလည်း နိုင်ငံတော်၏ လူမှုရေးကဏ္ဍကို တစ်ပါတည်း တိုးတက်လာအောင် ကြိုးပမ်းပြုပြင် စီမံလျက်ရှိကြောင်း။

## လွယ်လင့်တကူ သင်ကြားနိုင်

ပညာရေးအပိုင်းကိုကြည့်လျှင် ယခုအခါ အဆင့်မြင့်ပညာကို ပြည်ထောင်စုကြီး၏ အဓိကနယ်မြေအသီးသီး၌ လွယ်လင့်တကူ သင်ကြားနိုင်အောင်၊ ဒေသအလိုက် ပညာတတ်များ တိုးပွားလာအောင် မိမိတို့ ပြုပြင်တိုးချဲ့ စီမံဆောင်ရွက်ပေးထားပြီးဖြစ်သကဲ့သို့ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများအထိပါ ကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ခြုံလိုက်လျှင် နိုင်ငံတော်ကြီးကို ကဏ္ဍစုံဘက်စုံမှဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံကျသည့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို ရည်ရွယ်ချက်ရှိရှိဖြင့် မိမိတို့အင်တိုက်အားတိုက် တည်ဆောက်နေခြင်းဖြစ်ကြောင်း။

## အလေးထားအားထည့်ဆောင်ရွက်

ယင်းစီမံကိန်းကြီးများသည် မိမိတို့နိုင်ငံတော်ကြီး၏ ရှေ့ရေး၊ နောင်လာနောက်သားများ ကောင်းစားရေးတို့အတွက် အရေးပါသည့် စီမံကိန်းကြီးများဖြစ်သည်ဟု ခံယူ၍ စီမံကိန်းလုပ်ငန်းများအမြန်ဆုံးပြီးစီးအောင်မြင်အောင် အလေးထားအားထည့်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သော်လည်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့ တင်ပြခြင်းမပြုရသေးသည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများကိုရှင်းလင်းတင်ပြရာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ စီမံကိန်းစုစုပေါင်း ၈၄ ခုကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

**ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်းများ**

**လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄၃ခု၊ ဒီဇယ်မြစ်ရေတင် လုပ်ငန်း ၁၅ခု စုစုပေါင်း ၂၉ခုဖြစ်ပြီး ဧက ၃၀၆၅၂ ဧကကို အကျိုးပြုသွားမည့် စီမံကိန်း လုပ်ငန်းများ ဖြစ်။**

## ကင်းတားရေလှောင်တမံ

ယင်းစီမံကိန်း ၈၄ ခုကြောင့် စိုက်ပျိုးမြေဧက ၉၁၈၁၁ ဧကကို အကျိုးပြုခဲ့ပြီး ဒေသအလိုက် သောက်သုံးရေလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်၌ တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ကင်းတားရေလှောင်တမံမှ စိုက်ပျိုးရေ ပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ် ၅၆ မဂ္ဂါဝပ်ကိုလည်း ထုတ်ယူရရှိခဲ့ပါကြောင်း။

ဆောင်ရွက်ဆဲစီမံကိန်းများအနေဖြင့် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်တို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း စုစုပေါင်း ၁၃ ခုဖြစ်ပါကြောင်း၊ ယင်းစီမံကိန်း ၁၃ ခုပြီးစီးပါက စိုက်ပျိုးမြေဧက ၁၀၅၉၁၂၅ ဧကကို အကျိုးပြုမည်ဖြစ်ပြီး ရေအားလျှပ်စစ် ၁၂၀၅ ဒသမ ၀၈ မဂ္ဂါဝပ်ကိုလည်း ထုတ်ယူရရှိမည်ဖြစ်ပါကြောင်း။

## ရှင်းလင်းတင်ပြ

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးတွင်မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်း၊ ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း၊ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၊ ဆည်တော်ကြီး ရေကူရေလှောင်တမံစီမံကိန်း၊ ရှမ်းမငယ် (မုန်တိုင်ရေကူ)ရေလှောင်တမံစီမံကိန်း၊ နဂါးပေါက်ရေထိန်းတံခါးစီမံကိန်း၊ ဇာမရီ (ကိုဒူကွဲ)ရေလှောင်တမံစီမံကိန်း၊ ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် အထက်ဖူးရွာရေလှောင်တမံစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြအပ်ပါကြောင်း။

အကောင်အထည်ဖော်ပြီး ဖြစ်သော်လည်း တင်ပြခြင်းမပြုရသေးသည့် မြစ်ရေတင်စီမံကိန်းများမှာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၈၂ခု၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်း ၁၈၇ခု၊ စုစုပေါင်း ၂၇၉ခုဖြစ်ပါကြောင်း၊ အကျိုးပြုဧကအနေဖြင့် ၂၆၀၉၃၃ဧက ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

**မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံ (တောင်သာ)ကို တွေ့ရစဉ်။** ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း



# နိုင်ငံတော်အတွင်းသုံးစွဲရန်လိုအပ်သည့် ဆေးဝါးများဖြည့်ဆည်းပေးရန် ဆေးဝါးစက်ရုံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိ

စာမျက်နှာ ၇ မှ

### မြစ်ရေတင်စီမံကိန်းများ

ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်းများမှာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄၃ခု၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်း ၁၅ခု စုစုပေါင်း ၂၉၃ခုဖြစ်ပြီး ဧက ၃၀၆၅၂၂ကေကို အကျိုးပြုသွားမည့် စီမံကိန်းလုပ်ငန်းများ ဖြစ်ပါကြောင်း။



ရှင်းလင်းတင်ပြ

လယ်ယာစိုက် ပျိုး ရေးနှင့် ဆည် မြောင်း ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ယနေ့ အစည်းအဝေးတွင် လက်ပံမြစ်ရေတင်စီမံကိန်းနှင့် ခရမ်းချောင်း မြစ်ရေတင်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ တင်ပြပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

### စက်မှု(၁)

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက တောင်သာ စွပ်ကျယ်စက်ရုံစီမံကိန်း၊ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်) စီမံကိန်း၊ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်းစိန်)စီမံကိန်း၊ တစ်နေ့ တန် ၃၀ ဟိုက်ဒရိုဂျင် ပါအောက်ဆိုဒ် စက်ရုံစီမံကိန်း၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ စီမံကိန်း(မင်းစု)တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### စက်မှု(၂)

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစက်ရုံ (စီမံကိန်း)၊ ရေအားလျှပ်စစ် တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံ(စီမံကိန်း)၊ ရေဒီယယ်တာယာ (Radial Tyre)ထုတ်လုပ်မှုစက်ရုံ(စီမံကိန်း)၊ စက်နှင့်စက်ကိရိယာ ထုတ်လုပ်မှု စက်ရုံ(စီမံကိန်း)များ အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီးနှင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး တို့က ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်း



ရှင်းလင်းတင်ပြ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

အလိုက် လုပ်ငန်းလိုအပ်ချက်များကိုမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်း တွင် ရုပ်သိမ်းလိုက်သည်။

### ဆက်လက်ဖော်ပြမည်

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး တွင် တင်ပြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး တို့၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန အနေဖြင့် ရေလှောင်တမံများကို ပြည်နယ်/တိုင်း ဒေသအနှံ့၌ တည်ဆောက် လျက်ရှိပြီး စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ကမ္ဘာ့နီတံတား အထက်ဘက် ၂ဒသမ၅ မိုင်ခန့်အကွာ မဏိပူရမြစ်ပေါ်၌လည်း မဏိပူရရေလှောင် တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

### မဏိပူရရေလှောင်တမံ

မဏိပူရရေလှောင်တမံကို တမံအမြင့် ၅၂၇ ပေ၊ အလျား ၂၄၄၄ ပေရှိ ကျောက်ဖြည့်တမံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် နှစ်စဉ် မြစ်သာမြစ်လွင်ပြင် ရေကြီးမှုကို ကာကွယ်နိုင်ခြင်း၊ ကလေးဝအောက်ပိုင်း ချင်းတွင်းမြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ခြင်း၊ လယ်မြေဧက ငါးသောင်း ခန့်ကို ရေပေးဝေနိုင်ခြင်းနှင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ခန့် ထုတ်ယူရရှိ ခြင်းတို့ အကျိုးဖြစ်ထွန်းရရှိမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည်။

### ကျိုင်းခမ်းရေလှောင်တမံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်၌ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဤစီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် ၆ မဂ္ဂါဝပ်ကို ထုတ်ယူရရှိမည် ဖြစ်သည်။ ထို့အပြင် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံသို့ ရေပို့လွှတ်ပါက ဇော်ဂျီရေလှောင်တမံတွင် ရေပိုမိုသိုလှောင်နိုင်ပြီး ရေအားလျှပ်စစ်လည်း တိုးမြှင့် ထုတ်လုပ်သွားနိုင်မည် ဖြစ်သည်။

### မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး

ထို့အပြင် တည်ဆောက်ဆဲ မြို့ကြီးရေလှောင်တမံသို့ ရေပို့လွှတ်ခြင်းဖြင့် မြို့ကြီးရေလှောင်တမံ၌ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၀ခန့်ကို ထုတ်လုပ်နိုင်မည့် အပြင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း စုစုပေါင်း ရေဧကပေ ၉၉၀၀၀၀ခန့် ပို့လွှတ်ပေးနိုင်မည် ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ် ပေါ်၌ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။

### မြို့ကြီးရေလှောင်တမံ

မြို့ကြီးရေလှောင်တမံကို အမြင့် ၂၄၆၁ပေ၊ အလျား ၂၅၈ပေရှိ မြေသား တမံ(ဇုန်အမျိုးအစား)အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ၂၀၀၅ခုနှစ် ဧပြီလ ကတည်းက ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ကို ထုတ်ယူရရှိမည်ဖြစ်ပြီး ကင်းတားရေလှဲဆည်သို့ ရေလွှတ်၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

## ဆေးဝါးလုပ်ငန်းစက်ရုံ( အင်းစိန် )

**မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းစိန်ဒေသ၌ တည်ဆောက်လျက် ရှိသည့် ဆေးဝါးလုပ်ငန်းစက်ရုံ( အင်းစိန် ) စီမံကိန်းမှာ တစ်နှစ်လျှင် တစ်ခါသုံး ဆေးထိုးအပ် သန်း ၃၀၊ သွေးကြောသွင်းဆေးရည် ၂ဒသမ ၅ သန်းနှင့် ထိုးဆေး သန်း ၅၀ ထုတ်လုပ်သွားမည့် စီမံကိန်းဖြစ်သည်။**

## အထည်ချုပ်စက်ရုံ(ပခုက္ကူ)

**အထည်ချုပ်စက်ရုံ(ပခုက္ကူ)ကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း



23-9 (08) 1 9/23/06, 12:19 AM

## ဆည်တော်ကြီး ရေကူရေလှောင်တမံ

မန္တလေးတိုင်း မတ္တရာမြို့နယ်အတွင်း တည်ဆောက်ပြီးဖြစ်သော ဆည်တော်ကြီး ရေလှောင်တမံ၏ အထက်ဘက် ၃၃မိုင်ခန့်အကွာ၌ ဆည်တော်ကြီး ရေကူရေလှောင်တမံကို တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ဆည်တော်ကြီး ရေလှောင်တမံ ချောင်းမကြီးချောင်း၏ ရေစီးရေလာမှာ လက်ရှိရေလှောင်တမံ၏ ရေသိုလှောင်နိုင်အားထက် များစွာပိုလျှံလျက်ရှိပြီး စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုပြီးပင်လျှင် ပျမ်းမျှ ဧကပေ ရှစ်သိန်းခန့်ကို ရေပိုလွှဲမှ နှစ်စဉ် ထုတ်လွှတ်နေရလျက်ရှိသည်။

## အပြည့်အဝအသုံးချနိုင်

ထို့ကြောင့် ဆည်တော်ကြီးချောင်း၏ ရေစီးရေလာကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် ရေပိုလွှဲ၏ နှစ်စဉ်ရေထုတ်လွှတ်နေရမှုကို အထိုက်အလျောက် လျော့ကျစေရန်အတွက် ဆည်တော်ကြီး ရေကူရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော်ရခြင်းဖြစ်သည်။

စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ကို ထုတ်ယူနိုင်အားရှိမည်ဖြစ်ပြီး ရေကူရေလှောင်တမံလွှတ်ရေဖြင့် ဆည်တော်ကြီး ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၆၀ခန့် ထပ်မံထုတ်ယူရရှိမည်ဖြစ်သည်။

မန္တလေးတိုင်း မိတ္ထီလာလွင်ပြင်ဒေသသည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် လက်မ၃၀ခန့်သာ ရွာသွန်းသည့်ဒေသဖြစ်သည်။

**အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်ဒေသ စက်မှုနယ်မြေရှိ မော်တော်ကားရေတိုင်ကီ ထုတ်လုပ်သည့်စက်ရုံကို ဤသို့ တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

မည်ဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများကိုလည်း အောင်မြင်စွာစိုက်ပျိုးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ရန်ကုန်မြို့တော် မိုင်၃၀ပတ်ဝန်းကျင်၌ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးကို စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။

## နဂါးပေါက်ရေထိန်းတံခါး

ယင်းလမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော် မိုင်၃၀ပတ်ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အထောက်အကူပြုနိုင်ရန် ပဲခူးတိုင်း ဝေါမြို့နယ် နဂါးပေါက်ချောင်းနှင့် ခမုံမြစ်ကျိုးဖြတ်မြောင်းဆုံရာအနီး နဂါးပေါက်ချောင်း၌ နဂါးပေါက်ရေထိန်းတံခါးကို တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ရေထိန်းတံခါးပေါက် ၄၀ပါဝင်သော ဤစီမံကိန်းပြီးစီးပါက ရန်ကုန်မြို့တော် မိုင်၃၀ပတ်ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည်သာမက ဒေသအတွင်းရှိ လယ်မြေဧက၁၅၀၀၀ကိုလည်း အကျိုးပြုသွားမည်ဖြစ်သည်။

ဇာမရီ(ကိုဒူကွဲ)ရေလှောင်တမံစီမံကိန်းမှာလည်း ရန်ကုန်မြို့တော် မိုင်၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးစီမံကိန်းကို အထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်သည်။

## ဇာမရီ(ကိုဒူကွဲ)ရေလှောင်တမံ

ပဲခူးတိုင်း ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌ ဇာမရီ(ကိုဒူကွဲ)ရေလှောင်တမံကို တည်ဆောက်၍ ဓောင်းတူရေလွှဲဆည်မှတစ်ဆင့် ရေကူလွှတ်ပေးခြင်းဖြင့် ရန်ကုန်မြို့တော် အရှေ့ဘက်ခြမ်း မိုင်၃၀ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးတို့ကို အထောက်အကူပြု အားဖြည့်ပေးနိုင်မည်ဖြစ်သည်။



**အမှတ် (၂) စက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရှင်းလင်းတင်ပြစဉ်။**

(သတင်းစဉ်)

ရေလှောင်တမံစီမံကိန်းကိုလည်းကောင်း၊ မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၂၅မိုင်ခန့်အကွာ သူကောင်းကျင်းကျေးရွာအနီး မုန်းချောင်းပေါ်၌ အထက်ဖူးရွာရေလှောင်တမံစီမံကိန်းကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖူးရွာရေလှောင်တမံစီမံကိန်းမှ ရေအားလျှပ်စစ် ၄၂မဂ္ဂါဝပ်၊ အထက်ဖူးရွာရေလှောင်တမံစီမံကိန်းမှ ရေအားလျှပ်စစ် မဂ္ဂါဝပ်၁၅၀ တို့ကို ထုတ်ယူရရှိမည်ဖြစ်သည်။

ဖူးရွာနှင့် အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မုန်းချောင်း၏ ရေစီးရေလာများကို ပိုမိုထိန်းသိမ်း သိုလှောင်ထားနိုင်မည်ဖြစ်သည်။ ထို့အပြင် တည်ဆောက်ပြီးသော မုန်းချောင်းရေလှောင်တမံနှင့် တည်ဆောက်ဆဲ ကြီးအုံကြီးဝ ရေလှောင်တမံတို့၏ ရေအားလျှပ်စစ်ထုတ်ယူမှုကိုလည်း ပိုမိုတိုးမြှင့် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။



## ရှမ်းမငယ်(မုန်တိုင်ရေကူ)ရေလှောင်တမံ

မိုးရာသီတွင်ပင် စိုက်ပျိုးရေ အလုံအလောက်မရှိသည့်အပြင် နွေရာသီ၌ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေအခက်အခဲတို့မှာ နှစ်စဉ်ကြုံတွေ့ရသည့်အတွက် ယင်းအခက်အခဲများ ပြေလည်စေရန် မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီး ရှမ်းမငယ်ချောင်း၌ ရှမ်းမငယ်(မုန်တိုင်ရေကူ) ရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် တည်ဆောက်ပြီး မုန်တိုင်ကန်အတွင်း သဲနုန်းပို့ချမှုကို ကာကွယ်ပေးမည့်အပြင် ရေကူပေးနိုင်

ဇာမရီ(ကိုဒူကွဲ)ရေလှောင်တမံကို အမြင့်ပေ၁၀၀၊ ပင်မတမံအလျားပေ ၁၁၃၀၊ ကုန်းကျောတမံသုံးခု အလျားပေ၉၇၀ရှိ မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ၂၁၆၀၀၀ရှိမည့် ရေလှောင်တမံဖြစ်သည်။

## ဖူးရွာရေလှောင်တမံ

မကွေးတိုင်း၌လည်း ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃မိုင်ခန့်အကွာ ဖူးရွာအနီး မုန်းချောင်းပေါ်၌ ဖူးရွာ

**မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းကလည်း နှစ်စဉ် တိုးတက်လာသည့် လူစီးမော်တော်ယာဉ် (Passenger car)များ အတွက် ပေါ့ပါးခိုင်မာသည့် ရေဒီယယ်တာယာ (Radial Tyre) ကိုးမျိုး၊ တစ်နှစ်လျှင် တာယာအရေအတွက် သုံးသိန်းထုတ်လုပ်နိုင်မည့် ရေဒီယယ်တာယာ ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်၌ တည်ဆောက်သွားမည်။**

## မြစ်ရေတင်စီမံကိန်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံး၌ ဆည်မြောင်း၊ တာတမံများကို တည်ဆောက်လျက်ရှိသကဲ့သို့ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၁၉၉၅ ခုနှစ်မှစတင်၍ မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၆ခုနှစ် ဧပြီလအထိ မြစ်ရေတင်လုပ်ငန်းစုစုပေါင်း ၂၉၈ ခု၊ အကျိုးပြုဧက ၄၃သမ၃သိန်းကျော်ကို ဆောင်ရွက်ပြီးဖြစ်သည်။

ယခုအခါ ဧက ၉၃၀၀ ကိုအကျိုးပြုမည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ ငမိုးရိပ်ချောင်းရေကိုအသုံးပြုမည့် လက်ပံ(ရှမ်းတဲကြီး)မြစ်ရေတင်စီမံကိန်းနှင့် ဧက ၅၀၀၀ ကိုအကျိုးပြုမည့် ရန်ကုန်တိုင်း သန်လျင်မြို့နယ်၌ ခရမ်းချောင်းမြစ်ရေတင်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူသုံး၊ အိမ်သုံးပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံများကို တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။

## စွပ်ကျယ်စက်ရုံ

မန္တလေးတိုင်း တောင်သာမြို့နယ်၌ တည်ဆောက်ထားသည့် စွပ်ကျယ်စက်ရုံမှ စွပ်ကျယ်နှင့် တီရှပ်၊ Sport Shirt များ တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အတွင်း သုံးစွဲရန်လိုအပ်သည့် ဆေးဝါးများကို ဖြည့်ဆည်းပေးနိုင်ရန် ဆေးဝါးစက်ရုံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)စီမံကိန်းမှာ ပထမအဆင့်တွင် ဆေးပြား၊ ဆေးတောင့် သန်း၁၀၅၀ ထုတ်လုပ်၍ ဒုတိယအဆင့်တွင် ဆေးပြား၊ ဆေးတောင့် သန်း ၂၁၀၀သို့ တိုးမြှင့်ထုတ်လုပ်ပြီး ထိုးဆေးပုလင်း၊ သွေးကြောသွင်း ဆေးရည်ပုလင်း၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်များကို ဆက်လက်ထုတ်လုပ်သွားမည့် စီမံကိန်းဖြစ်သည်။

## ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်းဒေသ၌ တည်ဆောက်လျက်ရှိသည့် ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) စီမံကိန်းမှာ တစ်နှစ်လျှင် တစ်ခါသုံး ဆေးထိုးအပ် သန်း ၃၀၊ သွေးကြောသွင်းဆေးရည် ၂ဒသမ၅သန်းနှင့် ထိုးဆေး သန်း ၅၀ ထုတ်လုပ်သွားမည့် စီမံကိန်းဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အနေဖြင့် သတင်းစာစက္ကူနှင့် အခြားစက္ကူ စက်ရုံများ၊ မြန်မာ့အထည်အလိပ်လုပ်ငန်းအောက်ရှိ စက်ရုံများ၌ အရောင်ချွတ်ရာတွင် အသုံးပြုရေးအတွက်လည်းကောင်း၊ နိုင်ငံခြားမှ ဈေးနှုန်းကြီးစွာ ဝယ်နေရသည့် သွင်းကုန်ပစ္စည်းတစ်ခုကို အစားထိုးနိုင်ရန်အတွက် လည်းကောင်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် နည်းပညာအသစ် ရရှိရန်တို့အတွက်လည်းကောင်း မကွေးတိုင်း ချောက်မြို့နယ်၌ တစ်နေ့တန် ၃၀ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံကို တည်ဆောက်ခဲ့သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အနေဖြင့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ၌ ကြွေရည်စိမ်ပစ္စည်း ၃၂ မျိုးနှင့် စတီးလ် အိမ်သုံးပစ္စည်း ၄၁ မျိုးတို့ ထုတ်လုပ်နိုင်သည့် ခေတ်မီကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းစက်ရုံ စီမံကိန်း (မင်းစု)ကို တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ် မတ် ၂၀ ရက်၌ စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့သည်။

## ခေတ်မီစက်ရုံများ

အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့မှ လေးမိုင်အကွာ သာဂရ စက်မှုနယ်မြေ၌ ခေတ်မီစက်ရုံများကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ စက်ရုံများအနက် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းက တစ်နှစ်လျှင် မြေထိုးစက် Bulldozer အစီး ၁၀၀ နှင့် တစ်နှစ်လျှင် မြေတူးစက် Excavator အစီး ၂၀၀ ထုတ်လုပ်နိုင်မည့် မြေထိုးစက်နှင့် မြေတူးစက် ထုတ်လုပ်မှုစက်ရုံ(စီမံကိန်း)ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် သာဂရ စက်မှုနယ်မြေ၌ ဖရန်စစ်တာဘိုင် (Francis Turbine) အမျိုးအစားများဖြစ်သည့် ကီလိုဝပ် ၁၀၀၊ ကီလိုဝပ် ၅၀၀၊ ကီလိုဝပ် ၂၀၀၀နှင့် ကီလိုဝပ် ၅၀၀၀ တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ် တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှုစက်ရုံ(စီမံကိန်း)ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းကလည်း နှစ်စဉ် တိုးတက်လာသည့် လူစီးမော်တော်ယာဉ် (Passenger car) များအတွက် ပေါ့ပါး ခိုင်မာသည့် ရေဒီယယ်တာယာ (Radial Tyre) ကိုးမျိုး၊ တစ်နှစ်လျှင် တာယာ အရေအတွက် သုံးသိန်း ထုတ်လုပ်နိုင်မည့် ရေဒီယယ်တာယာ ထုတ်လုပ်မှုစက်ရုံ စီမံကိန်းကို မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်၌ တည်ဆောက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မည်သူ မည်မျှဟန့်တားနှောင့်ယှက်သော်ငြား မြန်မာတို့၏ ငြိမ်းချမ်းဖွံ့ဖြိုးရေး ဒီမိုကရေစီလမ်းကြောင်းကား ဖြောင့်ဖြူးလျက်

## တက္ကသိုလ်မြတ်သူ

၂၀၀၆ ခုနှစ် စက်တင်ဘာလ၁၉ ရက်နေ့ထုတ် သတင်းစာများတွင် မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏သဘောထားအား ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ယင်းသဘောထားကို ဖော်ပြထားသည့် မြန်မာ့အလင်း သတင်းစာမျက်နှာဖုံးတွင် **"အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းလျက်ရှိရာ ကုလသမဂ္ဂကို အသုံးချပြီး ဖိအားပေးရန်ကြိုးစားလာ။ အမေရိကန်၏ လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂအခြေခံမူများနှင့်ကိုက်ညီမှုမရှိ။ မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်စေသော အဆိုမှာ ကြောင်းကျိုးခိုင်လုံမှုမရှိ။ တစ်ဖက်သတ်စွပ်စွဲချက်သာဖြစ်။ နိုင်ငံတော် အစိုးရသည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိ။ ယင်းသို့ အကောင်အထည်ဖော်ရာတွင် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိတိကျကျဖော်ပြထား။ ဖိအားပေး၊ အကျပ်ကိုင်၊ ပိတ်ဆို့ အရေးယူမှုများကြောင့် မူဝါဒများ ပြောင်းလဲကျင့်သုံးမည်မဟုတ်"** ဟူသော ခေါင်းစီး စာလုံးများဖြင့် ဖော်ပြထားရာ ဖတ်ရှုသူများအဖို့ အလွယ်တကူ သဘောပေါက်သွားစေနိုင်ပေသည်။ ယင်းသဘောထားကို အကျဉ်းချုပ်ကြည့်လျှင်–

* **ယနေ့ ပြည်သူများလိုလားသော တိုင်းပြည်ငြိမ်းချမ်းစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ် ထွန်းကားစေရန် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်နေ။**
* **ယခုအခါ တိုးတက်ဖြစ်ထွန်းမှု အများအပြား ရရှိနေပြီး၊ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံကောင်းများ ခိုင်မာစွာချနိုင်ခဲ့ပြီ။**
* **တိုင်းပြည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိထားချိန်တွင် အခြေအနေကောင်းများ ပျက်ပြားအောင် ကြိုးပမ်းလုပ်ဆောင်မှုများ ပေါ်ပေါက်လာ။**
* **၁–၉–၂၀၀၆ ရက်နေ့က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုပြဿနာများသည် ဒေသတွင်း မတည်ငြိမ်မှုဖြစ်စေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို ထိခိုက်လာနိုင်ကြောင်း၊ မဟုတ်မမှန်စွပ်စွဲကာ လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် တင်ပြခဲ့။**
* **စက်တင်ဘာ၁၅ရက်နေ့က လုံခြုံရေးကောင်စီ၌မဲခွဲရာ ထောက်ခံ ၁၀မဲ၊ ကန့်ကွက် ၄မဲ၊ ကြားနေ ၁မဲဖြင့် ဆုံးဖြတ်ခဲ့၊ ကန့်ကွက်ရာ၌ ဗီတိုအာဏာသုံးခွင့်ရ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပါဝင်။**
* **လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွားဖော်ဆောင်ရာ ယန္တရားအဖြစ် အသုံးပြုခြင်းအား လက်မခံသော မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်မာစွာ ရပ်တည်ထောက်ခံသဖြင့် မြန်မာအစိုးရနှင့် ပြည်သူများက အလေးအနက် ကျေးဇူးတင်ရှိသည်။**
* **အမေရိကန်၏ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုအမျိုးမျိုးဖြင့် လုံခြုံရေးကောင်စီတွင် တင်ပြရန်ကြိုးစားမှုကို ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကိုယ်စား အဖွဲ့ဥက္ကဋ္ဌက ယခုကဲ့သို့ လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂၄)နှင့် ဆန့်ကျင်ကြောင်းဖြင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ၁၀–၇–၂၀၀၆ ရက်နေ့ကတည်းက စာပေးပို့ခဲ့။ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က ယင်းလုပ်ရပ်ကို ကန့်ကွက်သည်ဟု ယင်းစာ၌ဖော်ပြခဲ့။**
* **၁၅–၉–၂၀၀၆ ရက်နေ့တွင် လုံခြုံရေးကောင်စီဝင် တရုတ်နိုင်ငံအမြဲတမ်းကိုယ်စားလှယ်က– မြန်မာနိုင်ငံ၏ အခြေအနေကို သေချာစွာ လေ့လာရန်လိုကြောင်း၊ လုံခြုံရေးကောင်စီသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများကိုသာ အရေးယူဆောင်ရွက်ရမည်ဖြစ်ရာ လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်ကိစ္စများကို ဆွေးနွေးလက်ခံမည်ဆိုပါက ယင်းသို့သော အခြေအနေမျိုးရှိသည့် နိုင်ငံတိုင်းကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းများနှင့် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ယုံကြည်ခြင်း မရှိကြောင်း၊ ဒေသတွင်း နိုင်ငံတစ်ခုက လုံခြုံရေးကောင်စီသို့ အဆိုတင်သွင်းခြင်းမဟုတ်ဘဲ၊ ဝေးလံသည့်ဒေသမှ နိုင်ငံတစ်ခုက ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ပြောဆိုနေခြင်းသည် အဓိပ္ပာယ်မရှိကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂပဋိညာဉ် ၃၈ စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်ကြောင်း ဆွေးနွေးခဲ့။**
* **ကာတာနိုင်ငံ ကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို အန္တရာယ်ပြုနေသည်ဟု မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက မယူဆကြောင်း၊ မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် မလျော်ကန်ကြောင်း၊ သံတမန်ရေးရာလမ်းကြောင်းကိုပါ ပိတ်သွားစေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းရေးကြိုးပမ်းမှုကို ကာတာနိုင်ငံအနေဖြင့် ပယ်ချကြောင်း ဆွေးနွေးခဲ့။**
* **ကုလသမဂ္ဂအခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းစီရင်မှု အာဏာအတွင်း ကျရောက်နေသော ကိစ္စများတွင် အဖွဲ့ကြီးက ဝင်ရောက်စွက်ဖက်ခြင်းပြုရန် အခွင့်အာဏာမရှိကြောင်း ဖော်ပြထား။**
* **၉–၁၂–၈၁ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှ အတည်ပြုခဲ့သည့် နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက် စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေး ကြေညာစာတမ်း၌ နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေးပြဿနာများကို မမှန်မကန်အသုံးချခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဖော်ပြထား။**
* **ထို့ကြောင့် အမေရိကန်၏ ယခုလုပ်ဆောင်ချက်သည် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရ။**

အထက်တွင်တင်ပြခဲ့သည်များမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးခွင့်ရရေး အမေရိကန်၏ ကြိုးပမ်းမှုများသည် ကုလသမဂ္ဂ၏ မူနှင့်မကိုက်ညီသည့်အပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ချိုးဖောက်နေပုံများ၊ နိုင်ငံတကာ၏ ဆန့်ကျင်ကန့်ကွက်မှုများနှင့် ဆွေးနွေးခွင့်ရခြင်းသည် အရေးယူခွင့်ရခြင်း မဟုတ်ပုံများကို မီးမောင်းထိုးပြခြင်း ဖြစ်ပေသည်။ အဆိုပါ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများ၏ သဘောထားတွင် အမေရိကန်၏ မည်သည့်အခါကမျှ မှန်ကန်ခဲ့ခြင်းမရှိဘဲ မြန်မာနိုင်ငံကို အသားလွတ်မှသားအပြည့်ဖြင့် စွပ်စွဲသမျှကို ခြေခြေမြစ်မြစ် ပြန်လည်တုံ့ပြန် ချေပထားပုံမှာ ပီပြင်လှပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ပြန်လည်ရရှိသည့် ၄–၁–၁၉၄၈ ရက်နေ့၌ လွတ်လပ်၍ တက်ကြွသော၊ ဘက်မလိုက်သော၊ တိကျတည့်မတ်စွာ ကြားနေသော၊ ချစ်ကြည်ရေးအခြေခံသော မြန်မာ့နိုင်ငံခြားရေးမူဝါဒကို ကြေညာခဲ့သည်။ ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီ၊ တပ်မတော်အစိုးရတို့ကလည်း ယင်းနိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးခဲ့သည်။ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ကြည်စွာဆက်ဆံခဲ့သည်။ နိုင်ငံတကာရေးရာများကို ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်ခုအဖြစ် တာဝန်အကျေပွန်ဆုံး၊ အတက်ကြွဆုံး ပူးပေါင်းပါဝင်ခဲ့သည်။ မည်သည့်နိုင်ငံကိုမျှ မကျူးကျော် မစွက်ဖက်၊ ရန်မလိုခဲ့ပေ။ စနစ်ချင်း၊ ဝါဒချင်း မတူကြသော နိုင်ငံများအားလုံး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်၊ ဘန်ဒေါင်း(ဘက်မလိုက်) ညီလာခံကြေညာချက်နှင့် အခြေခံမူများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ နိုင်ငံတကာသဘောတူညီချက်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းတို့ကို အစဉ်တစိုက် လေးစားလိုက်နာခဲ့သည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ချစ်ကြည်မှုအရင်းခံဖြင့် အာဆီယံ၊ ဘင်းမ်စတက်၊ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ စသည်တို့တွင် တက်တက်ကြွကြွ လက်တွဲဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းလုံခြုံရေး၊ ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည်ဟူသော ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်း ကိုယ်စားလှယ် ဂျွန်ဘိုလ်တန်၏ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များသည် သဲထဲရေသွန်ဖြစ်နေပေသည်။

မြန်မာနှင့် အမေရိကန်သည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းကြီးလက်ထက်မှစ၍ အမေရိကန်သမ္မတနှင့် အပြန်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

**စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ပထမခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို အလုပ်သမား၊ တောင်သူလယ်သမား၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံကိုယ်စားလှယ်များ၊ အသိပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးယူထားသော တိုင်းရင်းသားအဖွဲ့ကိုယ်စားလှယ်များနှင့်ပညာရှင်များ စုစုပေါင်းတစ်ထောင်ကျော် တက်ရောက်ကျင်းပနေသည်။ ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံဖြင့် ဒီမိုကရေစီနည်းကျတိုင်ပင်ဆွေးနွေး၊ ညှိနှိုင်းဆုံးဖြတ်လျက်ရှိရာ အောင်မြင်ခရီးရောက်နေပြီဖြစ်သည်။ ဤအမျိုးသားညီလာခံလောက် ကျယ်ပြန့်သော၊ ပြည်ထောင်စုကို ကိုယ်စားပြုသော အမျိုးသားစည်းလုံးရေးဆွေးနွေးမှုမျိုး မရှိနိုင်တော့ပေ။**

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

အလုန်ချစ်ကြည်ရေး သဝဏ်လွှာများ ပေးပို့ကာ နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်း ရရှိခဲ့သည်။ မြန်မာတို့ဘက်က မည်သည့်အခါမျှ တရားမပျက်၊ မူမပျက်ခဲ့ပေ။ အမေရိကန်နိုင်ငံသည် တစ်ဖက်တွင် နှစ်နိုင်ငံဆက်ဆံနေပါလျက် အခြားတစ်ဖက်တွင် လျှို့ဝှက်၍ တစ်မျိုး၊ ပြောင်ပြောင်တင်းတင်းတစ်ဖုံ ဆန့်ကျင် နှောင့်ယှက်ခဲ့ပုံများကို မြန်မာအားလုံးသိသော သမိုင်းမှတ်တမ်းများ၌ အခိုင်အမာရှိပြီး ဖြစ်ပေသည်။ နိုင်ငံတကာကျင့်ဝတ် စောင့်ထိန်းရာ၌ မြန်မာသည် စံပြအဆင့်၌ပင်ရှိပေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတစ်ခုခု၊သို့မဟုတ် နိုင်ငံများမှ ဥပဒေချိုးဖောက်၊ ပုန်ကန်၊ သောင်းကျန်းနေသည့် အတိုက်အခံ၊ ဆန့်ကျင်ရေးသမား၊ သူပုန်သူကန်၊ ပြည်ပြေးများ ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ၊ လက်ခံမထားပေ။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်းပါ မူ၊ ကုလသမဂ္ဂ အခြေခံမူ၊ အလားတူ ဘန်ဒေါင်းမူ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာ ကွန်ဗင်းရှင်းများ၏ ညွှန်းဆိုချက်ဖြစ်သည့် နိုင်ငံတိုင်း၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားသည်။ စွက်ဖက်ခြင်း၊ ကျူးကျော်ခြင်းစသည့် ရိုင်းပျဆိုးသွမ်းသော အပြုအမူများလုံးဝမလုပ်။ ထေရဝါဒဗုဒ္ဓဘာသာဝင် အများစုနှင့် အခြားဘာသာကိုးကွယ်သူများ စုပေါင်းယှဉ်တွဲနေထိုင်ကြသည်ဖြစ်၍ ရိုးရာယဉ်ကျေးမှု၊ လူမျိုးစရိုက်၊ ဘာသာတရား အဆုံးအမတို့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြသည်။

မိမိနိုင်ငံကို တိုင်းတစ်ပါးသားတို့ အသားလွတ် ကျူးကျော်သိမ်းပိုက်ကာ ရာစုနှစ်တစ်ခုမက နိုင်ငံတွင်းမှ သယံဇာတ၊ ထွက်ကုန်ပစ္စည်းစသည့် ခနဉစ္စာများကို ကုပ်သွေးစုပ် အမြတ်ထုတ်ခံနေရမှုမှ ပြန်လည်လွတ်မြောက်ရန် လွတ်လပ်ရေးကို တိုက်ယူခဲ့သည်။ ဤသည်မှာ ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူများအကျိုးကို လွတ်လပ်စွာ ဖော်ဆောင်ခွင့် ရရှိလို၍ဖြစ်သည်။ နောက်ထပ် ကျွန်ပြန်မဖြစ်ရန် အတွက် ကိုယ့်ပြည်ထောင်စု၊ ကိုယ့်လွတ်လပ်ရေး (အချုပ်အခြာ အာဏာ)ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ခေတ်အဆက်ဆက် အချင်းချင်းသတ်ဖြတ်သောင်းကျန်းနေသော ပြည်တွင်းသောင်းကျန်းမှု မီးကိုငြိမ်းကာ ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ခဲ့သည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၁၈ဖွဲ့ ငြိမ်းချမ်းရေးရင်ခွင်ထဲ ရောက်နေကြပြီ။ မိမိတို့ဒေသ အကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားကို(ငြိမ်းချမ်းသောပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးပပျောက်စေလျက် ဘက်ပေါင်းစုံ တိုးတက်ဖွံ့ဖြိုးစေရန်) နိုင်ငံတော်၊ ပြည်သူတို့နှင့် လက်တွဲကြိုးပမ်းနေကြသည်။

မြန်မာတို့၏ လွတ်လပ်ရေး ပြန်လည်တိုက်ယူမှု၊ လွတ်လပ်ရေးကို အစဉ်စောင့်ထိန်းကာကွယ်မှု၊ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းလာစေမှု၊ တောရောမြို့ပါ၊ နယ်စပ်ဒေသမကျန် ဘယ်ခေတ်ကနှင့်မျှ မတူအောင် အဘက်ဘက်၌ တိုးတက်ဖွံ့ဖြိုးလာမှု၊ အင်အားကြီးချင်း၊ ဝါဒကွဲချင်း အုပ်စုဖွဲ့ကြရာ၌ မြန်မာနိုင်ငံသည် မည်သည့်အုပ်စုတွင်းမှမပါ၊ အုပ်စုဘက်မလိုက်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေမှုတို့သည် တရားမျှတသည်၊ မှန်ကန်သည်၊ အပြစ်ကင်းလှပေသည်။

ဤသို့ မှန်ကန်မျှတစွာ ကိုယ့်နိုင်ငံကောင်းကျိုးကို လွတ်လပ်စွာ ဖန်တီးအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည်ကို မကျေမနပ်ဖြစ်မည်ဆိုလျှင်၊ မကျေမနပ်ဖြစ်သူ၏ မူမမှန်မှုသာဖြစ်ပေမည်။ မြန်မာနိုင်ငံတွင် ဗြိတိသျှတို့၏ အမွေဆိုးအဖြစ် ကျန်ရစ်သော ဘိန်းပြဿနာ၊ နောက်တိုး(ပြည်ပ ပယောဂပါသည့်) စိတ်ကြွရူးသွပ်ဆေးပြဿနာကို အစွမ်းကုန်တိုက်ဖျက်ဖယ်ရှားနေရာ အောင်မြင်မှုရကြောင်း၊ အမေရိကန်နှင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာက သိနေသည်။ မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းသည် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်နေသည်။ ယင်း၏ အစိတ်အပိုင်းအဖြစ် မိုင်းလားက အစောဆုံး ဘိန်းကင်းမဲ့ဒေသအဖြစ် ကြေညာသည်။ ကိုးကန့်ဒေသနှင့် ‘ဝ’ဒေသတို့ကလည်း အလားတူ ကြေညာခဲ့ပြီး ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း အမေရိကန် နိုင်ငံခြားရေးရာဌာနက မြန်မာအပါအဝင် နိုင်ငံတစ်ရာကျော်ကို လူ့အခွင့်အရေး စွပ်စွဲချက်များ စွပ်စွဲထုတ်ပြန်လျက်ရှိသည်။ မြန်မာတို့၏ ယဉ်ကျေးမှုစရိုက်၊ ဘာသာတရားအဆုံးအမတို့အရ မြန်မာချင်း ရိုင်းပင်းသည်။ လူမျိုး၊ အသားအရောင် မခွဲ။ မြန်မာနိုင်ငံတွင် အသားမည်းများကို ညှဉ်းပန်းသတ်ဖြတ်သော ကေသုံးလုံးကဲ့သို့ ဂိုဏ်းမျိုးမရှိပေ။ ကုလသမဂ္ဂ အဖွဲ့ကြီးကရေးဆွဲသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကြီးကို မြန်မာနိုင်ငံက လိုက်နာသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးညီလာခံများတွင် လူ့အခွင့်အရေးချိုးဖောက်သည်ဟု နိုင်ငံအားလုံးက ဝိုင်းဝန်းဝေဖန် ပြစ်တင်ခြင်းခံရသော နိုင်ငံများတွင် အမေရိကန်သည် ထိပ်ဆုံးမှပါခဲ့ကြောင်း မှတ်တမ်းတင်ပြီးဖြစ်သည်။

ပြည့်တန်ဆာလုပ်ငန်းများကို မြို့ကြီးပြကြီးများတွင် ပြောင်ပြောင်တင်းတင်းဖွင့်လှစ်ထားသော Sex Tour ခေါ် လိင်ပျော်ခရီးသွားများကို မြှုဆွယ်သောနိုင်ငံများ၊ နေ့စဉ် ကိုကင်း၊ ဆေးခြောက်၊ ဘိန်းဖြူများ တင်သွင်းပြီး စိတ်ကြွဆေးကို လွတ်လပ်စွာ ဖော်စပ်သုံးစွဲ၊ မူးယစ်ဆေးဝါး လွတ်လပ်စွာသုံးခွင့်(ဘိန်းဒီမိုကရေစီ) တောင်းဆိုနေသော နိုင်ငံများတွင် အေအိုင်ဒီအက်စ်ရောဂါများ ပျံ့နှံ့လျက်ရှိသည်။ မြန်မာနိုင်ငံသို့လည်း တိုင်းခြားယဉ်ကျေးမှု ကူးစက်ရောဂါနှင့်အတူ ယင်းရောဂါဖြစ်ပွားမှု အထိုက်အလျောက်ဝင်လာခဲ့သည်။ ဤသည်ကို ကျန်းမာရေးစီမံချက်များဖြင့် ကြိုတင်တားဆီး ကာကွယ်ကုသပေးလျက်ရှိသည်။ အမေရိကန်ကမူ မြန်မာနိုင်ငံမှ အေအိုင်ဒီအက်စ်ရောဂါပင် ဒေသတွင်းပျံ့နှံ့ကူးစက်နေသယောင် စွပ်စွဲသည်။ သတင်းမှားလျှင်လည်း ဖြေရှင်းမပေးသော အမေရိကန်နိုင်ငံ၏ စရိုက်သည် ယခုမှမဟုတ်ပေ။ သီပေါဘုရင် လက်ထက်တုန်းကလည်း နယူးယောက်တိုင်းမ်သတင်းစာက မြန်မာ့နန်းတွင်းနှင့် ပြည်တွင်းရေးကို မဟုတ်မမှန် စွပ်စွဲပုတ်ခတ် ရေးသားခဲ့သည်။ မှားသော သတင်းမှန်းသိသော်လည်း ဖြေရှင်းမပေးခဲ့ပေ။ ယနေ့ မီဒီယာများကို ငွေပုံအောပြီး ချုပ်ကိုင်နိုင်လာသောအခါ တစ်ကမ္ဘာလုံး အမေရိကန် ပြောသမျှ ယုံရမည့် အခြေဆိုက်လာအောင် ဖန်တီးထားသည်။ မှားလျှင် ဖြေရှင်းမပေး၊ ကာယကံရှင်တို့၏ ဖြေရှင်းချက်ကိုလည်း ကမ္ဘာက မကြားအောင်ပင် ဖုံးကွယ်ပေးနေပေသည်။

ဒုတိယကမ္ဘာစစ်အပြီး ဖြစ်ပွားသော ဒေသစစ်ပွဲများဖြစ်သည့် ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ၊ ဘော်လ်ကန်စစ်ပွဲ၊ လက်တင်အမေရိကနှင့် အာဖရိကစစ်ပွဲ၊ အရှေ့အလယ်ပိုင်းစစ်ပွဲများတွင် လူများ သန်းချီသေပြီး နိုင်ငံအများ ကြေမွပျက်စီးရသည်၊ ပြာပုံဖြစ်ရသည်။ နိုင်ငံအများအပြား နှစ်ခြမ်းကွဲ၊ သုံးခြမ်းကွဲ ဖြစ်ရသည်။ ယင်းစစ်ပွဲများတွင် အကြောင်းပြချက် တစ်မျိုးမျိုး (အကြောင်းပြချက်မှန်စရာမလို)ဖြင့် ဝင်ရောက်ပါဝင်ကျူးကျော်၍၊ သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်ခဲ့သည်မှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။ တစ်ကမ္ဘာလုံး မငြိမ်းချမ်း မလုံခြုံအောင် ကျူးကျော်စစ်များ၊ စွက်ဖက်မှုများဖြင့် ဖန်တီးခဲ့သည်မှာလည်း အမေရိကန်ပင်ဖြစ်သည်။ အီရတ်တွင် အမေရိကန်စွပ်စွဲသည့် လူအစုအပြုံလိုက်သေစေသော လက်နက်၊ နျူကလီးယားလက်နက်၊ ဓာတုဗေဒအဆိပ်လက်နက်၊ ဇီဝဗေဒရောဂါပိုးမွှား လက်နက်များ ရှိ၊ မရှိ ကုလသမဂ္ဂက ၁၉၉၁ခုနှစ်မှစပြီး ရှာဖွေခဲ့သည်။ မတွေ့သဖြင့် ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂက မိမိတို့ဆက်ရှာဦးမည်၊ အီရတ်ကို မတိုက်ပါနှင့်ဦးဟု တားဆီးနေသည့်ကြားမှ အတင်းဝင်တိုက်သည်မှာ အမေရိကန်ပင်ဖြစ်သည်။ အာဖဂန်၊ ဆာဘီးယားတို့ကိုမူ အမေရိကန်သည် အကြောင်းပြချက်တစ်ခုပြပြီး ကုလသမဂ္ဂကိုပင် အသိမပေးဘဲ ဝင်တိုက်ခဲ့သည်။

ကမ္ဘာမြေပြင်အနှံ့ ဖြန့်ကြက်ချထားသော အမေရိကန်စစ်စခန်းများ စာရင်းကို အမေရိကန်ထုတ် စာအုပ်များမှာပင် တွေ့နိုင်သည်။ အမေရိကန်စစ်စခန်းများသည် ကမ္ဘာတစ်ပတ် ဒေသအနှံ့၌ ရှိနေသည်။ အရှေ့တောင်အာရှ(အာဆီယံ ၁၀ နိုင်ငံ)တွင်မူ အမေရိကန် စစ်စခန်းကွင်းဆက်ပြတ်နေသည်။ ၁၉၅၀ပြည့် လွန်နှစ်များက အရှေ့တောင်အာရှဒေသတွင်းမှ နှစ်နိုင်ငံ၊ ဒေသပြင်ပမှ အမေရိကန်အပါအဝင် ခြောက်နိုင်ငံဖြင့် ဆီးတိုးခေါ် အရှေ့တောင်အာရှစာချုပ်အဖွဲ့(စစ်အုပ်စု)ဖွဲ့ပြီး ဒေသတွင်း၌ ဆီးတိုးတပ်ပေါင်းစုချကာ ကွန်မြူနစ်နိုင်ငံများ ဖြိုခွင်းရေးကို လုပ်ဆောင်ခဲ့သည်။ ဥရောပမှ နေတိုးနှင့်အလားတူဖြစ်သည်။ ဆီးတိုးတွင် ဒေသတွင်းနိုင်ငံများ ပါဝင်လာရန်အတွက် ၁၉၆၁-၆၂ခုနှစ်က မြန်မာနိုင်ငံမှ ၎င်းတို့သြဇာခံ လူမျိုးစုခေါင်းဆောင်အချို့နှင့် လက်ဝါးချင်းရိုက်ပြီး ဖက်ဒရယ်မူ လှုပ်ရှားမှုဖြင့် ပြည်ထောင်စုကြီး ပြိုကွဲသွားစေရန် ကြံစည်လုပ်ဆောင်ခဲ့သည်။ ပြိုကွဲ ခွဲထွက်သောဒေသများက နိုင်ငံထောင်ပြီး ဆီးတိုးထဲဆွဲသွင်းရန်ပင် အကြီးအကျယ် စီစဉ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး ချမှတ်ကျင့်သုံးသော နိုင်ငံခြားရေးမူဝါဒအရ မည်သည့်အုပ်စု၊ မည်သည့် နိုင်ငံခြားတပ်ကိုမျှ နိုင်ငံအတွင်း လက်မခံပေ။ လမ်းစဉ်ပါတီခေတ်က မြန်မာ့မြေပေါ်တွင် အမေရိကန်စစ်စခန်းများထားရှိရန် အားထုတ်ခဲ့သော်လည်း မရခဲ့ပေ။ ယနေ့တပ်မတော်အစိုးရကလည်း လုံးဝ လက်မခံချေ။ ကျင်းပဆဲ အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူ ၁၀၄ချက် ချမှတ်ခဲ့ရာ၌ မြန်မာ့မြေပေါ်တွင် မည်သည့်နိုင်ငံခြား စစ်တပ်မျှ တပ်စွဲခြင်းမရှိစေရဟု ပါရှိခဲ့သည်နှင့် အမေရိကန်မှ သံအမတ်ကြီး တစ်ဦး ရန်ကုန်သို့ ပြေးလာသည်။ သူပြန်သည်နှင့် အမျိုးသားညီလာခံတွင် သုံးနှစ်နီးပါးတက်ခဲ့သည့် (အခြေခံမူ ၁၀၄ချက် ချမှတ်ရာ၌ ပါဝင်ခဲ့သည့်) NLDကိုယ်စားလှယ်များအား ညီလာခံမှ သပိတ်မှောက်ပြီး ထွက်လာရန် ဒေါ်စုကြည်က တစ်ချက်လွှတ် အမိန့်ထုတ်ခဲ့သည်။ ထိုအခါမှစပြီး အမျိုးသားညီလာခံ ပျက်စီးရာ ပျက်စီးကြောင်း လှုပ်ရှားမှုမျိုးစုံကို ပြည်တွင်းမှလုပ်သလို ပြည်ပမှလည်း အကျပ်ကိုင်၊ ဖိအားပေး၊ ပိတ်ဆို့ အရေးယူလာခဲ့သည်။ ညီလာခံပျက်မှ နိုင်ငံခြားစစ်တပ် မြန်မာ့မြေပေါ် တပ်စွဲခွင့်ရမည်။ ညီလာခံကိုဖျက်ပြီး အမေရိကန်သြဇာခံ ရုပ်သေးအစိုးရ တင်ပြီးသည်နှင့် မြန်မာနိုင်ငံတွင် အမေရိကန်စစ်စခန်းများချကာ ဒေသတွင်းကို ခြိမ်းခြောက်တော့မည်။

ထို့ကြောင့် ညီလာခံပျက်ရေး၊ဒိုင်ယာလော့အမည်ခံ ရုပ်သေးအစိုးရတင်ပေးရေးလုပ်ရပ်များကို ဆက်တိုက်လုပ်လာခြင်းဖြစ်သည်။ **မည်မျှပိတ်ဆို့နှောင့်ယှက်နေပေစေ မြန်မာနိုင်ငံက ပြည်တွင်းငြိမ်းချမ်းရေး ထိန်းထားနိုင်သည်။ ဖွံ့ဖြိုးတိုးတက်မှုများ အဆက်မပြတ်လုပ်နိုင်သည်။ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ပထမခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို အလုပ်သမား၊ တောင်သူလယ်သမား၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံကိုယ်စားလှယ်များ၊ အသိပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးယူထားသော တိုင်းရင်းသားအဖွဲ့ကိုယ်စားလှယ်များနှင့် ပညာရှင်များ စုစုပေါင်း တစ်ထောင်ကျော် တက်ရောက်ကျင်းပနေသည်။ ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားစုံ၊ လူထုလူတန်းစား အလွှာစုံဖြင့် ဒီမိုကရေစီနည်းကျ တိုင်ပင်ဆွေးနွေး၊ ညှိနှိုင်းဆုံးဖြတ်လျက်ရှိရာ အောင်မြင်ခရီးရောက်နေပြီဖြစ်သည်။ ဤအမျိုးသား ညီလာခံလောက် ကျယ်ပြန့်သော၊ ပြည်ထောင်စုကို ကိုယ်စားပြုသော အမျိုးသားစည်းလုံးရေး ဆွေးနွေးမှုမျိုး မရှိနိုင်တော့ပေ။**

**ကောလာဟလသမား၊ ပြည်တွင်း၌ တီးတိုးဝါဒဖြန့် မှိုင်းတိုက်နေသော ပုဆိန်ရိုးအဖျက်သမားများ၊ ဥပဒေချိုးဖောက်၊နိုင်ငံတော်ကို သစ္စာဖောက်၊ ပြည်သူကို ကျောခိုင်းထွက်ပြေးသော ပြည်ပြေးများနှင့် ကိုလိုနီ လက်သစ်ဝါဒီများက မည်မျှစွပ်စွဲပုတ်ခတ်ပါစေ၊ မြန်မာတို့အဖို့ နားအီနေပြီဖြစ်သည်။ မဆန်းတော့သော ပြက်လုံးများ ဖြစ်နေလေပြီ။ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို မြန်မာပြည်သူတို့နှင့်အတူ နိုင်ငံတော်အစိုးရက ဆက်လက်သယ်ပိုးထမ်းရွက်နေမည်သာ**ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

# မြန်မာနိုင်ငံ၏အကျိုးစီးပွားကို ဆက်လက်သယ်ပိုးထမ်းရွက်မည်

**ကောလာဟလသမား၊ ပြည်တွင်း၌ တီးတိုးဝါဒဖြန့် မှိုင်းတိုက်နေသော ပုဆိန်ရိုးအဖျက်သမားများ၊ ဥပဒေချိုးဖောက်၊ နိုင်ငံတော်ကို သစ္စာဖောက်၊ ပြည်သူကိုကျောခိုင်းထွက်ပြေးသော ပြည်ပြေးများနှင့် ကိုလိုနီလက်သစ်ဝါဒီများက မည်မျှစွပ်စွဲပုတ်ခတ်ပါစေ၊ မြန်မာတို့အဖို့ နားအီနေပြီဖြစ်သည်။ မဆန်းတော့သော ပြက်လုံးများ ဖြစ်နေလေပြီ။ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို မြန်မာပြည်သူတို့နှင့်အတူ နိုင်ငံတော်အစိုးရက ဆက်လက်သယ်ပိုး ထမ်းရွက်နေမည်သာ။**

# အာရှပတ်လည်မြားပစ်ပြိုင်ပွဲနှင့်အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေး ပေါင်းစပ်ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၂

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၂၀ရက် မွန်းလွဲ၁နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ နေပြည်တော်၌ကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အစီအစဉ်အရ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံ၏ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို နိုင်ငံတကာမှ မြင်တွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ လက်ခံကျင်းပခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြင့်မားလာစေရန်၊ မြန်မာနိုင်ငံမြားပစ်အားကစား အဆင့်အတန်း မြင့်မားလာစေရန်ရည်ရွယ်၍ ကျင်းပပေးရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

၎င်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်းက ပြိုင်ပွဲလက်ခံကျင်းပရာ အသေးစိတ်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

## ၃၃နိုင်ငံ ဖိတ်ကြားထား

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ အဆိုပါမြားပစ်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့တွင်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၃၃နိုင်ငံသို့ ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ချမ်းမြေ့မြိုင်ရိပ်သာကျောင်း ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၂၂

၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက် (အောက်တိုဘာ ၈ ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန် စံပြကျေးရွာရှိ ချမ်းမြေ့မြိုင်ရိပ်သာကျောင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုံကထိန်လျာသင်္ကန်းကပ်လှူပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ပင့်သံဃာတော် ၄၅ပါးတို့အားပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို နံနက်၇နာရီခွဲက စတင်၍ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းပြီး နံနက် ၉နာရီတွင် ရေစက်ချတရားနာယူကြမည်ဖြစ်သဖြင့် အလှူရှင်များ လာရောက် ကြည်ညို ကုသိုလ်ယူနိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် စမ်းချောင်းမြို့နယ် ပုသိမ်လမ်း အမှတ်၄၂နေ မိခင်ကြီး ဒေါ်စန်းစန်းငွေး၏ (၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သမီး မခင်ဦးမေ သား မောင်ကျော်သူရ မိသားစု၏အလှူငွေ ကျပ်သုံးသိန်းကို အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(Pre. Ph.D)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# နိုင်ငံတော်အတွက်ဆုတံဆိပ်များ ဆွတ်ခူးပေးနေသော မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ လူငယ်မျိုးဆက်သစ်များ နိုင်ငံတကာပြိုင်ပွဲများ၌ ပါဝင်ဆင်နွဲရန် လေ့ကျင့်နေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများနှင့် ၂၀၀၇ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှု ရရှိစေရန် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် အားကစားမောင်မယ်များကို အမာခံထား၍ ပြီးခဲ့သည့် ဇူလိုင်၁၆ရက်မှစ၍ မြန်မာနည်းပြဆရာ ခြောက်ဦး၊ အားကစားသမား အမျိုးသား ၁၅ဦး၊ အမျိုးသမီး ၁၃ဦး စုစုပေါင်း၂၈ဦးတို့ဖြင့် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

## လေ့ကျင့်

အပြည်ပြည်ဆိုင်ရာ လှေဖြစ်သည့် ကနူးနှင့် ကယက်လှေလှော်အတွက် နည်းပြများအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၁) ကာကွယ်ရေးပစ္စည်းစက်ရုံမှအရာခံဗိုလ်ဝင်းဖေ၊ဒုအရာခံဗိုလ်သိန်းဝင်းနှင့် အားကစားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးမိုးတို့က အဖွဲ့ချုပ်မှချမှတ်ထားသည့် စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ ပြိုင်ပွဲအနီးအဝေးအလိုက် လေ့ကျင့်ပေးလျက်ရှိသည်။

## သူတို့ပါဝင်

စခန်းသွင်း လေ့ကျင့်လျက်ရှိသော ကနူးနှင့် ကယက်လှေလှော်အားကစားသမားများမှာ ပို့ဆောင်ရေးမှ ဖုန်းမြင့်တေဇာ၊ ရန်ပိုင်နှင့်သန်းထွန်း၊ ဆောက်လုပ်ရေးမှ ထွန်းထွန်းနိုင်နှင့်မောင်မောင်၊ စက်မှု(၂)မှ ဝင်းထိုက်နှင့်ဆက်သွယ်ရေးမှ ခင်မောင်မြင့်၊ အမျိုးသမီးအားကစားသမားများမှာ စက်မှု(၂)မှ ခင်မာဦး၊ အေးမိခိုင်၊ နော်အားလယ်လားရီး၊ သိန်းငွေဝင်း၊ မြင့်မြင့်သန်း၊ ခိုင်ရွှေဝါနှင့် နန်းခင်မွေး၊ မျိုးဆက်သစ် လူငယ်မွေး/ရေမှ သင်းသင်းကြူတို့ ဖြစ်ကြသည်။

## လေ့ကျင့်ပေး

အပြည်ပြည်ဆိုင်ရာလှေ (Rowing)တွင် နည်းပြများအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၁)ကာကွယ်ရေး ပစ္စည်းစက်ရုံမှ ဒုအရာခံဗိုလ်ကျော်ဝင်းနှင့် ဇော်လွင်ထွန်း၊ အားကစားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်အေးတို့က လေ့ကျင့်ပေးပြီး (Rowing) လှေလှော် အမျိုးသားအားကစားသမားများမှာ မွေး/ရေမှ သောင်းဝင်း၊ ရွှေလှဝင်းနှင့် ကျော်မျိုးခိုင်၊ ပို့ဆောင်ရေးမှ အောင်ကိုမင်း၊ စက်မှု(၂)မှ ဇော်မင်း၊ သန်းအောင်နှင့် ဇော်ဇော်၊ စီးပွား/ကူးသန်းမှ ကျော်မင်းထွန်းတို့ဖြစ်ပြီး အမျိုးသမီး လှေလှော်အားကစားသမားမှာ ဆောက်လုပ်ရေးမှ မြင့်မြင့်ထွေး၊ စက်မှု(၂)မှ ချောစုနှင့် ရွှေဇင်လတ်၊ မွေး/ရေမှ သန်းသန်းနွယ်၊ မျိုးဆက်သစ်လူငယ် ကြည်ပြာဦးတို့ ပါဝင်ကြသည်။

အဆိုပါ စခန်းသွင်းလေ့ကျင့်ပေးထားသည့် လှေလှော်မောင်မယ်များအား ရက်သတ္တ တစ်ပတ်လျှင် တနင်္ဂနွေ တစ်ရက်သာနားပြီး ကျန်ရက်များတွင် နံနက် ၇နာရီမှ၁၀နာရီ၊ ညနေ၃ နာရီမှ ၆နာရီ တစ်ရက်လျှင် နှစ်ကြိမ်လေ့ကျင့်စေပြီး သက်လုံကောင်းစေရန် တာဝေးပြေးခြင်း၊ အင်းလျားကန်တစ်ပတ်ပြေးခြင်း၊အားကစားသမားများ၏ကြွက်သားသန်မာကြံ့ခိုင်ထွားမှုခံနိုင်ရည်ရှိရန်အတွက် အလေးမခြင်း၊ (Rowing Maching) လှေလှော် လေ့ကျင့်ရေးစက်များဖြင့် လှေလှော်ခြင်းနှင့် စံချိန်ယူ လှေလှော်ခြင်းများ လေ့ကျင့်ပေးလျက်ရှိသည်။



## မျိုးဆက်သစ်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် လှေလှော်အားကစားနည်း ၂၁မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ယခင်နှစ်ကထက် ရွှေတံဆိပ်ဆုပိုမိုရရှိပြီး အောင်မြင်မှုရရှိရန် ၂၀၁၀ပြည့်နှစ် အာရှအားကစားပြိုင်ပွဲနှင့်၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲတော် လက်ရည်စစ်ပွဲတွင် အောင်မြင်မှုရရှိရန် နှစ်တိုနှစ်ရှည် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံချက်များ အောင်မြင်ရေးအတွက် လာမည့် နိုဝင်ဘာ ဒုတိယပတ်တွင် ကျင်းပမည့် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲမှ ထွက်ပေါ်လာမည့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်များ မွေးထုတ်၍ ပဏာမလက်ရွေးစင်များအဖြစ် ရွေးချယ်လေ့ကျင့်ပေးသွားမည်ဟု သိရသည်။

**နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမအမျိုးသားလက်ရွေးစင်များ ရိုးရာလှေ(လောင်းလှေ)များဖြင့် အင်းလျားကန်ရေပြင်တွင် ဤသို့လေ့ကျင့်လျက်ရှိကြသည်။** ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



## သမိုင်းကြောင်း

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ၁၉၂၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၆၅ခုနှစ်တွင် မြန်မာနိုင်ငံ လှေလှော်ရွက်တိုက် အဖွဲ့ချုပ်အဖြစ် တည်ထောင်ပြီး ထိုအချိန်က အဖွဲ့ချုပ်တည်နေရာမှာ ရန်ကုန်မြို့ အင်းလျားကန် ကျွန်းသာယာထိပ်ပင် ဖြစ်သည်။ ၁၉၆၉ခုနှစ်မတိုင်မီ လှေလှော်နှင့် ရွက်လှေ အားကစားနည်းနှစ်မျိုး ပူးပေါင်းဆောင်ရွက်စေခဲ့သည်။

**မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်များ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ နဂါးလှေလှော်တက်၂၀ ပြိုင်ပွဲအတွက် အမျိုးသား၊ အမျိုးသမီး ပဏာမလက်ရွေးစင်များ အင်းလျားကန်တွင် ဤသို့ လှော်ခတ်လေ့ကျင့်နေကြသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

၁၉၇၉ ခုနှစ် နှစ်ဦးပိုင်းတွင် အားကစားအဖွဲ့ချုပ်များကို ပြန်လည်ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်အဖြစ် ပြန်လည်ဖွဲ့စည်းပြီး ထိုစဉ်က အဖွဲ့ချုပ်ဥက္ကဋ္ဌမှာ ဦးစိန်ထွန်းဖြစ်ပြီး အထွေထွေ အတွင်းရေးမှူးမှာ ဒေါက်တာသန်းတိုး ဖြစ်သည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် စတင်တည်ထောင်ချိန်၌ Rowing ဖြင့် စတင်ဆောင် ရွက်ပြီး ၁၉၈၃ခုနှစ်တွင် ကနူး လေ့ကျင့်ရေးလှေများ ရရှိပြီးနောက် ကနူးလှေလှော် အားကစားနည်းကို လေ့ကျင့်ပြီး ယှဉ်ပြိုင်စေခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အား Myanmar Rowing Federation မှ Myanmar Rowing and Canoeing Federation သို့ ပြောင်းလဲစေခဲ့သည်။

အဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန်မှစပြီး ပြည်ပပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ခြင်း၊ ပြည်တွင်း၌ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ပြည်ပသင်တန်းများသို့ တက်ရောက်စေခြင်းဖြင့် မြန်မာ့လှေလှော် အားကစားနည်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ခဲ့သည်။ အဖွဲ့ချုပ်သည် ၁၉၈၁ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ စတင်ယှဉ်ပြိုင်ခဲ့ရာ ယခု (၂၃)ကြိမ်မြောက်ပြိုင်ပွဲအထိ အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ရှစ်ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၃ခု၊ ငွေတံဆိပ်၅၃ခု၊ ကြေးတံဆိပ်၂၁ခု နိုင်ငံအတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် ၁၉၉၀ပြည့်နှစ်မှ စတင်၍ ပြည်တွင်းပြည်ပ နိုင်ငံတကာပြိုင်ပွဲ၊ အရှေ့တောင်အာရှ၊ အာရှနှင့်ကမ္ဘာ့အဆင့် လှေလှော်ပြိုင်ပွဲ ၆၅ကြိမ်ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ရာရွှေတံဆိပ်၁၈၅ခု၊ ငွေတံဆိပ် ၁၃၃ခု၊ ကြေးတံဆိပ် ၅၁ခုကို နိုင်ငံအတွက် ရယူပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ဆန်းဒါးလန်းမှ စတီဖင်ရိုက် ခြေထောက်ခွဲစိတ်မှု သီတင်း ၁၂ပတ်ခန့် အနားယူရလိမ့်မည်ဟုဆို

လန်ဒန် စက်တင်ဘာ ၂၂

**ဆန်းဒါးလန်းနောက်ခံလူ စတီဖင်ရိုက်သည် ခြေချင်းဝတ် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရပြီးနောက် သီတင်း ၁၂ပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း ဆန်းဒါးလန်းကလပ်မှ ပြောကြားသည်။**



**ဆန်းဒါးလန်းကလပ်မှ နောက်တန်းခံစစ်မှူး စတီဖင်ရိုက်။** (ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ
**မောင်မောင်မြင့်ဆွေ**

**ရာသီအစ ဒဏ်ရာရ**

၎င်း၏ ခြေချင်းဝတ်နေရာ၌ ပြီးခဲ့သည့်ဘောလုံးရာသီအစ ပွဲစဉ်များကစားစဉ် ဒဏ်ရာရရှိခဲ့ဖူးသည်။

စတီဖင်ရိုက်သည် လီဗာပူးနောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ယခုနှစ်၌ ဆန်းဒါးလန်းအတွက် လေးပွဲသာ ကစားရသေးကြောင်း သိရသည်။

စတီဖင်ရိုက်၏ ခြေထောက်ဒဏ်ရာ ခွဲစိတ်ကုသမှုသည် လာမည့်ခရစ္စမတ်မတိုင်မီ ပြန်ကောင်းမွန်လာမည်ဖြစ်ကြောင်း ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းက ပြောဆိုသည်။ **(အင်တာနက်)**

**သုံးကြိမ်ခွဲစိတ်**

အသက် ၂၆နှစ်အရွယ်ရှိ စတီဖင်ရိုက်သည် ပြီးခဲ့သည့်လက ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ရာ ယခုခွဲစိတ်ကုသမှုနှင့်ဆိုလျှင် သုံးကြိမ်ရှိပြီဖြစ်သည်။

## ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် တောင်အာဖရိကနိုင်ငံ ကြိုတင်ပြင်ဆင်နေ

ကိတ်တောင်း စက်တင်ဘာ ၂၂

**၂၀၁၀ ပြည့်နှစ်၌ တောင်အာဖရိကနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အစီအစဉ်များနှင့်ပတ်သက်၍ မိမိတို့အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံ၏ ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားပွဲဆိုင်ရာ အစီအစဉ်အကြီးအကဲ ဂျော်ဒန်က ပြောကြားသည်။**

၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားပွဲနှင့်ပတ်သက်သည့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်မှု နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း ပြောကြားနေမှုများကို ဂျော်ဒန်က ငြင်းဆိုလိုက်သည်။

မိမိတို့အနေဖြင့် ချက်ချင်းအကောင်အထည်ဖော်ရမည့် အစီအစဉ်များကို ချက်ချင်းအကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း ဒန်နေးဂျော်ဒန်က ပြောကြားသည်။

ဘက်ကင်ဘောင်ဝါက ယခုသီတင်းပတ်အတွင်းက တောင်အာဖရိကနိုင်ငံ၏ ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပရေးနှင့်ပတ်သက်ပြီး ကြီးမားသည့် ပြဿနာများနှင့်ပတ်ချာလည်ဝိုင်းနေကြောင်း ပြောကြားခဲ့သဖြင့် ယခုကဲ့သို့ ဂျော်ဒန်က ပြောကြားခြင်းဖြစ်သည်။



**တောင်အာဖရိက ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံး ပြိုင် ပွဲကျင်းပ ရေး အကြီး အကဲ ဂျော်ဒန်။** (ဓာတ်ပုံ-အင်တာနက်)

တောင်အာဖရိကနိုင်ငံ မြို့ကြီးကိုးမြို့တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ လက်ခံကျင်းပပေးသွားမည်ဖြစ်ပြီး ယခုအခါ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဂျော်ဒန်က ပြောကြားသည်။ **(အင်တာနက်)**

## ရီဒင်းကလပ်၏ အားကစားကွင်း တိုးချဲ့တည်ဆောက်မည်

**လန်ဒန် စက်တင်ဘာ ၂၂**

ပရီမီယာလိဂ်သို့ ယခုနှစ်အတန်းတက်လာသော ရီဒင်းကလပ်သည် ၎င်း၏မာဒက်စကီဘောလုံးကွင်းကြီး **(အောက်ပုံ)**အား နောက်ထပ်ပရိသတ်တစ်သောင်း ထပ်မံဝင်ရောက်ကြည့်ရှုနိုင်အောင် တိုးချဲ့တည်ဆောက်ရေးအတွက် ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ယခုလက်ရှိ၌ မာဒက်စကီဘောလုံးကွင်းသည် ပရိသတ် ၂၄၀၄၅ ဦး ဝင်ရောက်ကြည့်ရှုနိုင်လျက်ရှိသည်။



ယခုအခါ ရီဒင်းကလပ်သည် ပရီမီယာလိဂ်သို့ တက်ရောက်လာခဲ့ပြီး ခြေစွမ်းလည်းပြလျက်ရှိရာ အသစ်တိုးပွားလာသော ရီဒင်းပရိသတ်များအတွက် ကွင်းကို တိုးချဲ့ရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

ရီဒင်းကလပ်အနေဖြင့် ပရီမီယာလိဂ်သို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခြင်းဖြစ်ရာ မိမိတို့၏ အားကစားကွင်းကို တိုးချဲ့တည်ဆောက်ရေး ပြင်ဆင်မှုများလည်း ပြုလုပ်နေကြောင်း ရီဒင်းကလပ် အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲ နီဂယ်ဟောက ပြောကြားသည်။

အနည်းဆုံးနောက်ထပ် လူတစ်သောင်းခန့် ကြည့်နိုင်မည့်အရွယ်အစားကို စဉ်းစားထားသော်လည်း ယခုထက်လူအရေအတွက် ပိုမိုများပြားသည့်ကွင်းလည်း ဖြစ်သွားနိုင်ကြောင်း အတိအကျ မဆုံးဖြတ်ရသေးကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

## ပါနီရာမား အစီအစဉ် စွပ်စွဲချက်များ ပို့စ်မောက် နည်းပြအား ထိခိုက်စေခဲ့

ရေးသားတင်ပြသူ
**မြင့်မောင်စိုး**

လန်ဒန် စက်တင်ဘာ ၂၂

**ပါနိုရာမား အစီအစဉ်မှ ဝေဖန်စွပ်စွဲချက်များသည် မိမိအား ထိခိုက်စေကြောင်း ပို့စ်မောက်အသင်း မန်နေဂျာ ဟာရီရက်နက်က ပြောကြားလိုက်သည်။**

ယင်းအစီအစဉ်သည် အမည်မဖော်လိုသော ပရီမီယာလိဂ် လက်ရှိ မန်နေဂျာများနှင့် မန်နေဂျာဟောင်း ၁၈ဦးတို့သည် ကစားသမားများ ပြောင်းရွှေ့ရေးအတွက် ငွေကြေးပေးခဲ့ရသည်ဟု စွပ်စွဲထားသည်။



**ပို့စ်မောက် အသင်းမန်နေဂျာ ရက်နက်။** (ဓာတ်ပုံ-အင်တာနက်)

**စွပ်စွဲခံနေရ**

ထိုအစီအစဉ် စွပ်စွဲမှုနှင့်ပတ်သက်၍ ပို့စ်မောက် မန်နေဂျာ ရက်နက်သည် ဘလက်ဘန်း နောက်တန်းကစားသမား အင်ဒီတော့၏ ပြောင်းရွှေ့မှုနှင့် စပ်လျဉ်း၍ စွပ်စွဲခံနေရသည်။

ယင်းစွပ်စွဲချက်များကို ပို့စ်မောက်အသင်းမန်နေဂျာက အမှားအယွင်း တစ်စုံတစ်ရာ မလုပ်မိကြောင်း ပြောကြားသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဘော်လ်တန်အသင်း မန်နေဂျာက ငြင်းဆိုထားသည်။ ယင်းကိစ္စများနှင့်ပတ်သက်၍ အက်ဖ်အေက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၀ရက်က ပြောကြားလိုက်သည်။ **(အင်တာနက်)**

## တော့တင်ဟမ်တိုက်စစ်မှူး ဘာဘာတော့ဗ် လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့

လန်ဒန် စက်တင်ဘာ ၂၂

**တော့တင်ဟမ်တိုက်စစ်မှူး ဘာဘာတော့ဗ်သည် လေ့ကျင့်ရေးကွင်း၌ ဒဏ်ရာရခဲ့သဖြင့် အောက်တိုဘာလဆန်းပိုင်းအထိ အနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

**တော့တင်ဟမ် ကလပ်မှ ရှေ့တန်းတိုက်စစ်မှူး ဘာဘာတော့ဗ်။** (ဓာတ်ပုံ-အင်တာနက်)



**ဒဏ်ရာပြင်းထန်**

အသက် ၂၅နှစ်အရွယ်ရှိ အဆိုပါကစားသမားသည် ယခုသီတင်းပတ်ကုန်တွင် ပြန်လည်ကစားရန် မျှော်လင့်ထားသော်လည်း တံကောက်ကြော ဒဏ်ရာ ပြင်းထန်စွာရရှိထားသည်ဟု ဆိုသည်။

**စာချုပ်**

ဘူဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်သည် ယခုနှစ် နွေရာသီက တော့တင်တမ်နှင့် ပေါင် ၁၀၉သမ ၉သန်းဖြင့်စာချုပ်ခဲ့ပြီး သုံးပွဲသာကစားခဲ့ရသေးသည်။

**နှစ်ပတ်ကြာ**

အဆိုပါ ကစားသမားသည် ပြန်လည်ကောင်းမွန်လာရန်မှာ နှစ်ပတ်ခန့် ကြာနိုင်ကြောင်း စပါးနည်းပြ မာတင်ဂျိုးက ပြောကြားသည်။ **(အင်တာနက်)**

## ချိုင်းနားအိုးပင်း တင်းနစ်ပြိုင်ပွဲ မော်ရက်စမို အနိုင်ရရှိ

ပေကျင်း စက်တင်ဘာ ၂၂

**တရုတ်နိုင်ငံ ပေကျင်းမြို့၌ ချိုင်းနားအိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ ပြင်သစ်နိုင်ငံမှ ကမ္ဘာ့နံပါတ်(၁)တင်းနစ်အားကစားမယ် မော်ရက်စမိုသည် တရုတ်နိုင်ငံသူ ဆန်းရှန်ရှန်အား ဒုတိယအကျော့တွင် ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိသွားခဲ့သည်။**



**ချိုင်းနားအိုးပင်းတွင် ပြင်သစ်နိုင်ငံမှ ကမ္ဘာ့နံပါတ်(၁) တင်းနစ်အားကစားမယ် မော်ရက်စမို၏ တင်းနစ်ကစားဟန်။** (ဓာတ်ပုံ-အင်တာနက်)

အဆိုပါတင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ နာမည်ကြီး တင်းနစ်မယ် လင်ဆေးဒေဗင်ပို့တ်သည် ဒုတိယအကျော့ပွဲစဉ်တွင် ရုရှားမှ ချတ်ဗီတက်ဇီအား ၇-၆၊ ၃-၆၊ ၇-၅ဖြင့် အနိုင်ရပြီး တတိယအကျော့ပွဲစဉ်သို့ တက်ရောက်သွားခဲ့သည်။

**တက်ရောက်**

တရုတ်နိုင်ငံသူ လီနာသည် လီနာဗက်စနီးယားအား ၃-၆၊ ၆-၁၊ ၆-၁ ဖြင့် အနိုင်ရပြီး တတိယအကျော့ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။

**အကြိတ်အနယ်**

ချိုင်းနားအိုးပင်း တင်းနစ်ပြိုင်ပွဲသည် ကမ္ဘာ့နာမည်ကြီး တင်းနစ်မယ်များ ပါဝင်လာ၍ အကြိတ်အနယ် ယှဉ်ပြိုင်ရသော ပြိုင်ပွဲကြီးတစ်ပွဲဖြစ်လာသည်။

**ချီးမြှင့်မည်**

အဆိုပါချိုင်းနားအိုးပင်းဖလားတွင် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာခြောက်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များသို့ ဆောင်ရွက်ပေးမည်

သာသနာရေးဝန်ကြီးဌာနက ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်များ နှစ်စဉ် ပို့ဆောင် ပေးလျက်ရှိရာ ဆက်လက်တာဝန်ပေးချက်အရ ယခု (၂၀၀၆–၂၀၀၇) ခုနှစ်၌ **ဆောင်ရွက်သော ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့** သည် အပါယ် ... ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ် များကို ...

(ဆက်လက်ပါရှိသော စာပိုဒ်များ ... POWER PALACE HOTEL ... ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ... သာသနာရေးဝန်ကြီးဌာန ... အမြန်ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။)


## မွေးနေ့ဆုတောင်း

## ချစ်သမီးလေး ရွှေယမင်းဦး

**Grade-10(A)၊ ထ–၉၊ မော်လမြိုင်**

တစ်ဦးတည်းသော ချစ်သမီးလေး၏ ၂၃–၉–၂၀၀၆ရက် မွေးနေ့မှစ၍ သက်ဆုံးတိုင် ကျန်းမာချမ်းသာ ပျော်ရွှင်အောင်မြင် ယဉ်ကျေးလိမ္မာသော မိဘကျေးဇူးသိတတ်သည့် သမီးလေးဖြစ်ပါစေ။

**ချစ်ဖေဖေ – ဒေါက်တာသန်းထွန်းအောင်**
**(ရေးမြို့နယ် ဆရာဝန်ကြီး)**
**ချစ်မေမေ – ဒေါက်တာခင်နွယ်နွယ်အောင်**
**(မြိုင်သာယာ၊ မော်လမြိုင်)**
**ချစ်ကိုကို – ဇညားအောင်**
**ဒုတိယနှစ်၊ ဆေးတက္ကသိုလ်(၁)**
**ရန်ကုန်။**


... ☎ 290871



**Technical Service Co., Ltd**

( License No.349/2006-2007 )

PH: 01-373472, 01-376073, 0999-72089

E-mail - ...@myanmar.com.mm

PH: 02-25766, 09-200-4688

PH : 0951-47472

PH : 053-25306



# မြကြာဖြူ Fashion shop မှ

မိတ်ဟောင်း၊ မိတ်သစ်များအတွက် မကြုံစဖူး အထူးလျှော့ဈေးနှုန်းများဖြင့် သီတင်းကျွတ်ပွဲတော်ရက်အထိ ရောင်းချပေးနေပါသည်။

**၁၀ % မှ ၅၀ % အထိ**

**A1, ဒုတိယထပ်၊ J-8, No, 98-99, ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**အမှတ် ၅၆၊ အခန်း ၄၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**



## ကျေးဇူးဆပ်ပါမည်

Media Myanmar Group Ltd. မှ ကုန်သွယ်ရေးကိုယ်စားလှယ်ကတ်အမှတ် ၀၀၅၂၀နှင့် Han Ideal Trading Ltd. မှ ကုန်သွယ်ရေးကိုယ်စားလှယ်ကတ်အမှတ် ၀၀၅၂၁များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း–၅၂၆၇၆၈၊ ၅၃၈၆၄၈။**



## (ဒုတိယအကြိမ်) လုံးချင်းနှစ်ထပ်တိုက်ကို တိုက်ခန်းဈေးနှုန်းလောက်ဖြင့် ရောင်းချပေးပါမည်။

- မြယမုံတာဝါ ... မြို့နယ် ...
- မြေ (၄၀×၆၀)ပေအကျယ်၊ ...
- (ဦးရာလူစနစ်)ဖြင့် ရောင်းချနေပါသည်။ ...
- အရောင်းဖွင့်လှစ်သည့်နေရာသို့ ... 
- ဆောင်သုခကုမ္ပဏီ၊ ...



## NIBBAN 2 in 1 Antenna များ ဝယ်ယူရာတွင် ဆင်တူယိုးမှား သတိပြုဝယ်ယူပါရန် မေတ္တာရပ်ခံခြင်း

... NIBBAN 2 in 1 Antenna ... NIBBAN 2 in 1 Antenna ... V-330 Model ... ISO ... 5 Years Warranty ...

NIBBAN ELECTRIC & ELECTRONICS






## ဖခင်အမည်မှန်

အထက တွံတေး တက္ကသိုလ်ဝင်တန်း(A)မှ နော်အိမြသန္တာ၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ဖြစ်ပါကြောင်း။ **ဦးလှထွန်း။**



## ကျေးဇူးဆပ်ပါမည်

ဦးကျော်ကျော်စိုး ပိုင် ယာဉ်အမှတ် ၆က/၄၉၈၄ ၏ အခွန်ပုံစံ(၁)အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း–၃၇၁၄၅၅၊ ၂၄၆၂၆၄။**



## ရောင်းမည်

Band saw 46" & carriage, Band saw 38", Multiple rip saw, Pneumatic cut off machines 5 Ton mono crane.

**ဆက်သွယ်ရန်ဖုန်း– ၀၉–၅၁ ၂၇၃၉၁။**


## ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၀၆ခုနှစ် (၄၇)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း (ပြေး၊ခုန်၊ပစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှဗိုလ်မှူးချုပ်ရဲချစ်ဖေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ မင်္ဂလာဒုံတပ်နယ်မှအရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ အရာရှိ၊စစ်သည်၊မိသားစုဝင်များနှင့်အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယင်းနောက်ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး အနိုင်ရရှိသွားသော အားကစားသမားများအား တက်ရောက်လာကြသော အရာရှိကြီးများက ဆုများအသီးသီးပေးအပ်ချီးမြှင့်၍ တံခွန်စိုက်ဒိုင်းရရှိသွားသောအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေက ဆုပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၂၆၇၂ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ခိုင်လုံသော အထောက်အထားဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(တိုင်းရုံးခွဲ)၊ရွာသာကြီး။**


## တွံတေးအရှင်ဣန္ဒက တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီး၌ ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာ မဟာစည်သာသနာ့ရိပ်သာ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေး အရှင်ဣန္ဒက ဆရာတော်သည် သီတင်းကျွတ်လဆန်း ၈ရက် (စက်တင်ဘာ၂၉ရက်) သောကြာနေ့ မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပြီး ဆရာတော်အား ဝါဆိုသင်္ကန်းများကပ်လှူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## မုန်တိုင်းငယ် ကုန်းတွင်းဆက်လက်ရွေ့လျားမည်

ရန်ကုန် စက်တင်ဘာ ၂၂

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်အရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလီကမ်းခြေကိုဖြတ်ကျော်ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေကာ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။** (သတင်းစဉ်)



# ရှမ်းပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့် အခြေခံပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့်များ ပါဝင်ယှဉ်ပြိုင်

တောင်ကြီး စက်တင်ဘာ ၁၅

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ရှမ်းပြည်နယ်အဆင့်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့် ပြိုင်ပွဲကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အမှာစကား ပြောကြားသည်။

### ကြည့်ရှု

ဆက်လက်၍ တောင်ကြီးခရိုင်၊ လားရှိုးခရိုင်၊ ကျိုင်းတုံခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ ကျောက်မဲခရိုင်နှင့် မူဆယ်ခရိုင်တို့က အခြေခံပညာအဆင့်နှင့် ဝါသနာရှင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များမှ ပထမနေ့ ပြိုင်ပွဲ ယှဉ်ပြိုင်မှုကို စတင်ကျင်းပရာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အနုပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

### ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာရှင်အဆင့် ၁၄၂ ဦး၊ ဝါသနာရှင်အဆင့် ၅၁ဦးနှင့် ပညာရှင်အဆင့် ၄၂ဦး စုစုပေါင်း ၂၃၅ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေတာရှည်၌ ကြံစိုက်ပျိုးထုတ်လုပ်ရေး တာဝန်ပေးအပ် မျိုးစိုက်စနစ်နှင့် နည်းပညာပိုင်းဆိုင်ရာရှင်းလင်း

ရေတာရှည် စက်တင်ဘာ ၂၀

**ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြန်မာ့ကြံလုပ်ငန်း အမှတ်(၆)သကြားစက် နယ်မြေ ၂၀၀၇-၂၀၀၈ ခုနှစ် ကြံစိုက်ရာသီအတွက် ကြံဧက ၁၀၀၀၀ စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ရေတာရှည်သကြားစက်ရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကား ပြောကြားပြီး စက်ရုံမှူးဦးအောင်နိုင်က ၂၀၀၇-၂၀၀၈ခုနှစ် ကြံစိုက်ရာသီ အတွက် ကြံဧက ၁၀၀၀၀ စိုက်ပျိုးရေး ပန်းတိုင် အထွက်တန်၃၀ရရှိရန် မြန်မာ့ကြံလုပ်ငန်းက နည်းပညာနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

### ရှင်းလင်း

ဆက်လက်၍ ဇုန်တာဝန်ခံ ဦးဘန်ရှိန်က ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေးနှင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးအတွက် စိုက်ပျိုးရမည့်မျိုးစိုက်စနစ်နှင့် နည်းပညာပိုင်းဆိုင်ရာများ ရှင်းလင်းသည်။

### ပေးအပ်

ထို့နောက် ၂၀၀၇-၂၀၀၈ခုနှစ် ကြံစိုက်ရာသီတွင် ကြံဧက၁၀၀၀၀ စိုက်ပျိုးရန် ကျေးရွာအုပ်စု တစ်ခုချင်း အလိုက် တာဝန်ပေးအပ်လွှာများကို မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်ဥက္ကဋ္ဌများသို့ ပေးအပ်သည်။ **(က-ပ)**

## ကွန်ကရစ်လမ်းခင်း

**ပင်လုံမြို့ မြို့မဈေးအတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ရက်က စည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့်၊ဒုတိယဦးစီးမှူးဦးသိန်းစိုးဦး နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် ပြန်/ဆက်)





**ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့၏ အခြေခံကွန်ပျူတာသင်တန်းနှင့် အဆင့်မြင့် ကွန်ပျူတာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စည်ပင်သာယာရေး အဖွဲ့ သင်တန်းသူ သင်တန်းသား ၁၅ဦး တက်ရောက် လေ့လာသင်ကြားစဉ်။** (ပြည်နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်ခရာ

**၁၃၆၈ ခုနှစ်**
**သီတင်းကျွတ်လဆန်း ၃ ရက်**
**၂၄-၉-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာ တချို့အကြောင်း-သိပ္ပံမှူးတင်)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆိပ်ခွန်မှ မြန်မာ့ရိုးရာ ချည်ထည်လုပ်ငန်း)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဖုန်းလေးတစ်ချက်သာ ဆက်လိုက်ပါ)
၁၁း၄၅ ဟောပြောချက် (ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အကြောင်း- ဒေါက်တာခင်မေစန်း)
၁၂း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ အစီအစဉ်
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အပြစ်ချိုချို အချစ်ခါးခါး)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ဥက္ကလာပတိုင်းဘွဲ့-ပတ်ပျိုး) (ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၀၀ သူ့လက်သံ (မောင်ချမ်းသာ၏ ပတ္တလားလက်သံ)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြဝတီမင်းကြီး၏ ဇာတိမာန်လက်ရာ) (ညွန့်ဟံ-ကြူတော)
၁၇း၃၀ တေးသံရှင်အကြိုက် (ရွှန်းလဲ့ရတနာ)
**၁၈း၂၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် (အမျိုးသား)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
**(၁) ရပ်ကြီးသူ (ဦးသိန်းကြွယ်)**
**(၂) တောင်သမာန် (နန်းတော်ရှေ့ဆရာတင်)**
**(၃) ဘုံဓမ္မတာ (ဥသြဘသောင်)**
၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉း၁၅ မြန်မာမှု မြန်မာ့သဘင် (မြန်မာ့ဝလေ့တေးသံ) (ရွာစားကြီးစိန်ဗိုလ်တင့် တင်ဆက်သည့် သီတင်းကျွတ်လဘွဲ့)
၂၀း၃၀ အင်္ဂလိပ်စကားပြောကြမယ် (English Lesson Working Knowledge)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပြုံးတုံ့လှယ် (သန်းမြတ်စိုး)
(၂) သူချိန်းထားတဲ့အချိန် (မြင့်မြင့်စိန်)
(၃) ပြုံးပါဆို (ဝင်းဦး)



# မိုင်းဖြတ် အထက နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၁၂**

မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်က မိုင်းဖြတ် အထက သိပ္ပံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းဖြတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး ထွန်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်က ကျောင်းဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်လုပ်ငန်းများကို ရှင်းလင်းတင်ပြ၍ ငွေစာရင်းရှင်းတမ်းများ ဖတ်ကြားခြင်းတို့ဆောင်ရွက်ပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ထူးချွန်စွာ အောင်မြင်သူများကို ဆုပေးပွဲကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်က ခြောက်ဘာသာ ဂုဏ်ထူးရှင် မနန်းသူဇာလှိုင်အား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ကျောင်းကုန်း စက်တင်ဘာ ၈

**ကျောင်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၂၀၀၆)နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ်၂၇ရက် နံနက်၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။**

**အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာစိုးသူရ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းခိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က အမှာစကားများ ပြောကြားကြသည်။**

### ပေးအပ်ချီးမြှင့်

**ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ ၆၅ဦးတို့အား ဆုများချီးမြှင့်ရာ ခြောက်ဘာသာ ဂုဏ်ထူးရ မသန္တာစိုးအား လည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု ပိုင်အမ်ဘီအေ ဆုရသူများနှင့် (၈၇)ကြိမ်မြောက် သွေးအလှူရှင် ဦးမြရီတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။**

**ထို့နောက် ဒုတိယပိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြပြီး ဆုံးဖြတ်ခြင်း သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းနှစ်ရပ်ကို အတည်ပြုကြသည်။** (၂၆၅)



**သီပေါမြို့နယ် ကျန်းမာရေး ကော်မတီက ကြီးမှူး ကျင်းပသော စတုတ္ထ နှစ်ဒေသအတွင်း အမျိုးသား ကာကွယ်ဆေးတိုက်နေ့တွင် အသက် ငါးနှစ်အောက်ကလေးတိုင်း ပိုလီယို ကာကွယ်ဆေး နှစ်ကြိမ်တိုက် ကျွေးရေးအတွက် ဖွင့်ပွဲကို စက်တင်ဘာ ၃ ရက်က မြို့နယ်ကျန်းမာရေးဦးစီး ဌာနရုံးရှေ့၌ ကျင်းပရာ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ရီရီထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# စိုက်ပျိုးရေးနှင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်နေ လမ်းတံတားလုပ်ငန်းများအပါအဝင် လမ်းပန်းဆက်သွယ်မှုကဏ္ဍ တိုးမြှင့်လုပ်ကိုင်ခဲ့ရာ ယခုအခါ လမ်းပန်းဆက်သွယ်မှုမှာ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပြီး နယ်စပ်ဒေသပါမကျန် ပြည်ထောင်စုတစ်ရပ်လုံးသို့ ကူးလူးဆက်ဆံသွားလာနိုင်ပြီဖြစ်

**ရှေ့ဖုံးမှ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

***စာမျက်နှာ ၇ ကော်လံ ၁*** ✡




## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး


## ငါ့သရောက် လျှပ်စစ်မြစ်ရေတင်

မန္တလေးတိုင်း ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အုန်နွဲချောင်း ကျေးရွာအနီး ငါ့သရောက် လျှပ်စစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးပြီး ပင်မစခန်း(၁)မှ တူးမြောင်းမကြီးသို့ မြစ်ရေတင်ပေးနေသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း